မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်၊ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၁)၊ အမှတ် (၉၃)

အမျိုးသားရေးတာဝန်

သမိုင်းရဲ့ သင်ခန်းစာတွေအရ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးဟာ ကျွန်တော်တို့လက်ထက်သာမက နောင် သားစဉ်မြေးဆက် လက်ထက်အထိပါ ကမ္ဘာတည်သရွေ့ နိုင်ငံသားတိုင်း လိုက်နာစောင့်ရှောက် ကာကွယ်သွားကြရမယ့် အမျိုးသားရေးတာဝန်ဖြစ်တဲ့အတွက် ကျွန်တော်တို့ အစိုးရလက်ထက်မှာလည်း ဒီတာဝန်ကြီးသုံးရပ်ကို ဦးထိပ်ပန်ဆင်ပြီး ဆက်လက်သယ်ဆောင်သွားမှာ ဖြစ်ပါတယ်။

[နိုင်ငံတော်သမ္မတ ဦးသိန်းစိန်
၃၀-၃-၂၀၁၁ ရက်နေ့တွင်
ပြည်ထောင်စုလွှတ်တော်၌ပြောကြားသောမိန့်ခွန်းမှ ကောက်နုတ်ချက်]

မြန်မာနိုင်ငံ၏ အရှည်ဆုံးတံတားဖြစ်သည့် ရောဝတီတံတား(ပခုက္ကူ)ဖွင့်

ဒေသထွက်ကုန် သယ်ဆောင်ရောင်းဝယ်မှုများ မြန်ဆန်လာပြီး ပြည်သူတို့၏ လူမှုစီးပွားဘဝ ပိုမိုတိုးတက်မြင့်မားလာမည်

နေပြည်တော် ဒီဇင်ဘာ ၃၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် ယနေ့ နံနက်ပိုင်းတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေး အထူးစီမံကိန်းအဖွဲ့(၃)မှ တာဝန်ယူတည်ဆောက်ခဲ့သည့် ကားလမ်းနှင့် ရထားလမ်း ပူးတွဲပါရှိသည့် မြန်မာနိုင်ငံ၏ အရှည်ဆုံးတံတားကြီးဖြစ်သော ဧရာဝတီတံတား(ပခုက္ကူ) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ဆောက်လုပ်ရေး *စာမျက်နှာ ၃ ကော်လံ ၁* ❍

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ရောဝတီတံတား(ပခုက္ကူ) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ၏ အရှည်ဆုံးတံတားဖြစ်သည့် ရောဝတီတံတား(ပခုက္ကူ)ကို တွေ့ရစဉ်။ (သတင်းစဉ်)

1-1 (01).pmd 1 1/1/2012, 1:22 AM

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁ ရက်)

လွတ်လပ်ခြင်းနှင့် ဒို့တာဝန်အရေးသုံးပါး

မြန်မာနိုင်ငံ နယ်ချဲ့လိုင်းတံပိုးအောက်က လွတ်မြောက်ခဲ့သည်မှာ ယခုနှစ်ဆိုလျှင် (၆၄)နှစ်ပင်ရှိပြီ။ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့သည်ကား မြန်မာနိုင်ငံသူ နိုင်ငံသားအပေါင်းတို့ နယ်ချဲ့လက်အောက်မှ လွတ်မြောက်ပြီး အချုပ်အခြာအာဏာပိုင်စိုးသည့် နိုင်ငံတစ်နိုင်ငံအဖြစ် ပြန်လည်ရပ်တည်နိုင်ခဲ့သည့်နေ့ဖြစ်သည်။ ထိုနေ့ကိုပင် လွတ်လပ်ရေးနေ့အဖြစ်သတ်မှတ်ပြီး နိုင်ငံသူ နိုင်ငံသားအပေါင်းတို့ လွတ်လပ်ရေးကို တန်ဖိုးထားတတ်စေရန် နှစ်စဉ်နှစ်တိုင်း လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပွဲများ ကျင်းပလာခဲ့သည်မှာ နှစ်အားဖြင့် (၆၄)နှစ်ပင် ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

လွတ်လပ်ရေးဟူသည်ကား ထီပေါက်သလို ကံကောင်းထောက်မ၍ ရရှိလာခြင်းမဟုတ်။ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြကုန်သော တိုင်းရင်းသားညီအစ်ကိုအပေါင်းတို့၏ အသက်၊ ချွေး၊ သွေး မြောက်မြားစွာစတေးပြီး ရယူခဲ့ခြင်းဖြစ်သည်။ မြန်မာတစ်မျိုးသားလုံး ကျွန်သပေါက်ဘဝမှ လွတ်မြောက်ရမည်ဟူသော တူညီသော သန္နိဋ္ဌာန်နှင့်အတူ တိုက်ပွဲပေါင်းမြောက်မြားစွာဆင်နွှဲပြီး ရယူခဲ့ရသည့် လွတ်လပ်ရေးပင်ဖြစ်သည်။

ဤကဲ့သို့ တန်ဖိုးကြီးမားစွာ ပေးဆပ်ခဲ့ရသည့် လွတ်လပ်ရေးကို ပြန်လည်မဆုံးရှုံးစေရေး ကာကွယ်ကြရမည်မှာ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြကုန်သော တိုင်းရင်းသားလူမျိုးအားလုံး၏ တာဝန်ပင်ဖြစ်သည်။ မြန်မာ့လွတ်လပ်ရေး ကမ္ဘာတည်သရွေ့ ခိုင်မြဲနေစေရန်အတွက် တိုင်းရင်းသားလူမျိုးအပေါင်းတို့က ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ကြရပေမည်။

ယနေ့ဆိုလျှင် ၂၀၁၁ ခုနှစ် နှစ်ဟောင်းကုန်၍ ၂၀၁၂ ခုနှစ် နှစ်သစ်ကို စတင်ရမည့် ပထမဆုံးရက်ပင်ဖြစ်သည်။ နှစ်သစ်နှင့်အတူ မြန်မာ့လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်နှင့် နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံးတို့၏ အကျိုးစီးပွားကို ရှေးရှုလျက် ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကို မြှင့်တင်ရန် ကြိုးပမ်းကြရပေမည်။

လက်ရှိ နိုင်ငံတော်အစိုးရသစ်အနေဖြင့် ပြုပြင်ပြောင်းလဲရေးများ ပြုလုပ်ခဲ့ခြင်းနှင့်အတူ ပြည်တွင်းလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြုလုပ်လျက် ရှိနေပြီဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံသည် ငြိမ်းချမ်းရေးပင်ဖြစ်သည်။ ဒေသတွင်း ငြိမ်းချမ်းရေးရရှိသည်နှင့်အမျှ လွတ်လပ်ရေး၏အနှစ်သာရနှင့်အတူ ဖွံ့ဖြိုးတိုးတက်မှု အကျိုးရလဒ်ကောင်းများကို ဆက်တိုက်ခံစားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ လွတ်လပ်ရေး၏အနှစ်သာရကို ခံစားလိုသူတိုင်း၊ ဖွံ့ဖြိုးတိုးတက်မှုအကျိုးရလဒ်ကောင်းများကို ရရှိလိုသူတိုင်း ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို သမိုင်းပေးတာဝန်အဖြစ် ထိန်းသိမ်းစောင့်ရှောက်သွားကြရန်ဖြစ်ပါကြောင်း မြန်မာ့အလင်းက တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မာန်အောင်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးဆွေးနွေး

မာန်အောင် ဒီဇင်ဘာ ၃၁

ဒီဇင်ဘာ ၁ ရက် မွန်းလွဲပိုင်းက မာန်အောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းနှင့်ပတ်သက်၍ တွေ့ဆုံပွဲကိုကျင်းပရာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးအေး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးဦးလူမော်နှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းကော်မတီအသီးသီးက မိမိတို့ကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဆွေးနွေးကြသည်။

ထို့နောက် ပြည်နယ်ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ပညာသင်ထောက်ပံ့ကြေး ဇလွန်မြို့နယ်၌ ထောက်ပံ့ပေးအပ်

ဇလွန် ဒီဇင်ဘာ ၃၁

၂၀၁၁-၂၀၁၂ပညာသင်နှစ် ဇလွန်မြို့နယ် စေတနာပညာဒါနအဖွဲ့ဘုန်းတော်ကြီးသင်ကျောင်းများ၏ ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၇ ရက်နံနက်က မြို့နယ်ပညာရေးမှူး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပေးအပ်

အခမ်းအနားတွင် ဇလွန်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်သိန်း၊ စေတနာ ပညာဒါနအဖွဲ့ ဘုန်းတော်ကြီးသင်ကျောင်းများ၏ ကြီးကြပ်မှုအဖွဲ့ဝင် မြို့နယ်ပညာရေးမှူးဦးကျော်ထွန်း၊ စေတနာပညာဒါနအဖွဲ့ဝင်ဥက္ကဋ္ဌ ဦးကျော်မြင့်တို့က အမှာစကားပြောကြားကြပြီး အလှူရှင်များမှ လှူဒါန်းသော အလှူငွေများကို စေတနာပညာဒါနအဖွဲ့ဝင် ဥက္ကဋ္ဌ ဦးကျော်မြင့်ကလက်ခံပြီး ထောက်ပံ့ကြေးများကို စေတနာပညာဒါန ဥက္ကဋ္ဌ ဦးကျော်မြင့်က ကျောင်းသား ကျောင်းသူများအား ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)

တစ်ချက်တည်း ကျင်းဝင်

တောင်ငူ ဒီဇင်ဘာ ၃၁

တောင်ငူမြို့ ကေတုမတီမြို့သစ် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် Southern Star Golf ကွင်းတွင် ဒီဇင်ဘာ ၂၆ရက် ညနေ ၄ နာရီက ဂေါက်သီးရိုက်ကစားကြစဉ် တပ်ကြပ်သိန်းထွေးက အကွာအဝေး ၁၇၄ ကိုက်ရှိ ကျင်းအမှတ် (၂)သို့ Iron 5 (Maruman) တုတ်ဖြင့် Titlest No.4 ဂေါက်သီးကို ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားသည်။ ကစားဖော်များမှာ ဗိုလ်မှူးဇေယျာအောင်၊ ဗိုလ်မှူးဖြိုးဝေလင်းနှင့် တပ်ကြပ်ကြီးထွန်းဇော်တို့ဖြစ်ကြောင်း သိရှိရသည်။

(၁၃၆)

သစ်ပင်စိုက်ပါ ဒို့တမ္ဘာ သာယာလှပ စိမ်းမြမြ

ဖူဆယ်ဘောလုံးပြိုင်ပွဲ လှိုင်သာယာ၌ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၃၁

လှိုင်သာယာမြို့နယ် အမှတ်(၁၃) ရပ်ကွက် လှိုင်မင်္ဂလာလမ်းရှိ လှိုင်မင်္ဂလာ အားကစားကွင်းတွင် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အသက် ၁၆နှစ်အောက် ဖူဆယ်ဘောလုံး ဖိတ်ခေါ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၄ ရက် နံနက် ၇ နာရီခွဲက အဆိုပါ အားကစားကွင်း၌ကျင်းပရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဇော်ထွန်းအောင်၊ ရပ်ကွက်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်အေးသန်းတို့က ဖဲကြိုးဖြတ်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြသည်။

ဆုများချီးမြှင့်

အဆိုပါပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းပေါင်း ၃၉ သင်း ပါဝင်ယှဉ်ပြိုင်ကြသည်။ ဆုရရှိသည့် အသင်းများကို ဇန်နဝါရီ ၄ ရက်တွင် ဆုများချီးမြှင့်မည်ဖြစ်ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

စုပေါင်းသွေးလှူဒါန်း

ကျောက်ဆည် ဒီဇင်ဘာ ၃၁

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့အထွေထွေရောဂါကုဆေးရုံကြီးတွင် ဆေးရုံအုပ်ကြီး ဦးဆောင်၍ သွေးလှူရှင်များနေ့အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းပွဲကို ဒီဇင်ဘာ ၁၉ ရက် နံနက် ၉ နာရီက အထွေထွေရောဂါကုဆေးရုံကြီး၌ ကျင်းပသည်။

ပံ့ပိုးကူညီ

အဆိုပါ စုပေါင်းသွေးလှူဒါန်းပွဲကို သက်ဆိုင်ရာ ဆရာဝန်ကြီးများ၊ သူနာပြုများ၊ ကျွမ်းကျင်ဝန်ထမ်းများက သွေးပေါင်ချိန်ခြင်း၊ သွေးစစ်ခြင်းပြုလုပ်၍ စေတနာသွေးလှူရှင် ၈၀ တို့က သွေးများလှူဒါန်းကြရာ ကျောက်ဆည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ရွှေဖောင်ဒေးရှင်းတို့က ပံ့ပိုးကူညီကြကြောင်း သိရှိရသည်။

(၀၄၀)

မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်

ကျွန်းစု ဒီဇင်ဘာ ၃၁

ကျွန်းစုမြို့နယ် မြို့မဈေးအား မီးဘေးလုံခြုံမှုရှိစေရန်နှင့် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ကားဖြင့် မီးငြိမ်းသတ်ခြင်းနှင့် ရွေ့ပြောင်းမီးငြိမ်းသတ်စက်ငယ်တို့ဖြင့် မီးငြိမ်းသတ်ခြင်းကို ဒီဇင်ဘာ ၁၈ ရက်က မြို့မဈေးရှေ့၌ သရုပ်ပြ လေ့ကျင့်ပွဲပြုလုပ်ရာ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မိုး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းညွှန့်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးညိုမောင်၊ ဈေးအကျိုးတော်ဆောင်များ၊အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးသူဈေးသားများ ပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ပညာတံခွန်စာကြည့်တိုက် စာအုပ်စာစောင်လှူဒါန်း

ရန်ကုန် ဒီဇင်ဘာ ၃၁

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် စိုက်မွေး (၁) ပညာတံခွန် စာကြည့်တိုက်တွင် နယ်လှည့်စာကြည့်တိုက် ဟောပြောပွဲနှင့် စာအုပ်စာစောင်လှူဒါန်းပွဲကို ဒီဇင်ဘာ ၂၇ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယဉ်ယဉ်သွယ်က စာကြည့်တိုက်ရှင်သန်ခိုင်မာရေးဆောင်ရွက်ရန်ပြောကြားပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးလှနိုင်ဦးက စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ စာကြည့်တိုက်ဖောင်ဒေးရှင်းက ငွေကျပ် တစ်သိန်းနှစ်သောင်းတန်ဖိုးရှိ သုတရသ စာအုပ်များကို မြို့နယ်ဦးစီးမှူးက ပေးအပ် လှူဒါန်းရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးက လက်ခံယူခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

အမှတ်(၁)အထပ်သားစက်ရုံ အခြေခံမီးသတ်သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၃၁

ကြည့်မြင်တိုင်မြို့နယ် သစ်အခြေခံလုပ်ငန်းဌာန အမှတ်(၁)အထပ်သားစက်ရုံ၏ အကြိုအခြေခံ မီးသတ်သင်တန်း အမှတ်စဉ် (၂/၂၀၁၁) သင်တန်းဆင်းပွဲကို အဆိုပါစက်ရုံ၌ ဒီဇင်ဘာ ၂၆ရက်က ကျင်းပရာ စက်ရုံမှူးအရာထမ်း၊ အမှုထမ်းများနှင့်မိသားစုဝင်များ တက်ရောက်ကြပြီး မြို့နယ်မီးသတ်တပ်ဖွဲ့စခန်းမှူး ဦးသန်းထက်အောင်က မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်နိုင်မှုများကို ဟောပြောသည်။ (အပေါ်ပုံ)

လက်တွေ့သရုပ်ပြသ

ထို့နောက် သင်တန်းဆင်းမီးသတ် တပ်ဖွဲ့ဝင်များက မီးသတ်ပိုက်များ၊ မီးငြိမ်းသတ်ရေး စက်ပစ္စည်းများဖြင့် မီးငြိမ်းသတ်ရေး စွမ်းရည်များကို လက်တွေ့သရုပ်ပြသခဲ့ကြကြောင်း သိရှိရသည်။

(၀၄၂)

မီးဖိုမီး အခြားမီး သုံးပြီးသတိ အမြဲရှိ

စစ်ဆေး

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်လွင် ခေါင်းဆောင်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ (ယာဉ်ထိန်း)နှင့် မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီတို့ ပူးပေါင်းပါဝင်သော အဖွဲ့ဝင်များ ဒီဇင်ဘာ ၂၃ရက်က ကျိုင်းတုံမြို့ အဝေးပြေးယာဉ်ရပ်နားစခန်းမှ တာချီလိတ်မြို့နှင့် တောင်ကြီးမြို့များသို့ ထွက်ခွာမည့်ယာဉ်များအား ကွင်းဆင်းစစ်ဆေးစဉ်။ (ကညန)

နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးရေး အလေးထားဆောင်ရွက် ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် ပြည်ထောင်စုအဆင့်အဖွဲ့ ဖွဲ့စည်းပြီး ဆွေးနွေးလျက်ရှိ

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ပခုက္ကူဘက်ကမ်းရှိ ဧရာဝတီတံတား(ပခုက္ကူ) ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

❍ ရှေ့ဖုံးမှ

ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲအောင်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလွင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘရွှေ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ နေပြည်တော်ကောင်စီဝင် ဦးစောလှ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ မြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးက အမှာစကားပြောကြားရာတွင် ယနေ့ဖွင့်လှစ်သည့် ဧရာဝတီတံတား(ပခုက္ကူ)ကို ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် ယနေ့တွင် ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ယနေ့သည် နိုင်ငံတော်၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့အတွက် မင်္ဂလာအပေါင်းနှင့်ပြည့်စုံသော နေ့တစ်နေ့ဖြစ်သည်ဟု ပြောကြားလိုပါကြောင်း။

အရှည်ဆုံးမြစ်ကူးတံတား

၎င်းတံတားကြီးသည် ကားလမ်းနှင့် မီးရထားလမ်းပါ ပူးတွဲတည်ဆောက်ထားခြင်းဖြစ်ပြီး တံတားကြီး၏ ပင်မတံတားအရှည် ၁၁၄၃၁ ပေ၊ ကားလမ်းတံတားအရှည် စုစုပေါင်း ၁၃၅၃၇ ပေ၊ မီးရထားလမ်းတံတားအရှည် စုစုပေါင်း ၂၀၅၉၇ ပေ ရှိပါကြောင်း၊ ဧရာဝတီမြစ်ကူးတံတားကြီးများအနက် အရှည်ဆုံးဧရာဝတီမြစ်ကူးတံတား ဖြစ်ပါကြောင်း။

ယခုလို တံတားကြီးကို တည်ဆောက်ပြီးစီးခြင်းကြောင့် ဧရာဝတီမြစ် အနောက်ဘက်ခြမ်းရှိ ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ စစ်ကိုင်းတိုင်းဒေသကြီးတို့၏ ဒေသများနှင့် ဧရာဝတီမြစ်အရှေ့ဘက်ခြမ်းဒေသများသို့ တစ်ဆက်တစ်စပ်တည်း လွယ်ကူစွာ သွားလာနိုင်ကြမည်ဖြစ်ပါကြောင်း၊ ယခင်က ဧရာဝတီမြစ်ကို ဇက်ရေယာဉ်များဖြင့် ဖြတ်သန်းကြရာတွင် အချိန်တစ်နာရီကျော်ခန့် ကြာမြင့်ခဲ့ရာမှ ယခုဆိုလျှင် မိနစ်ပိုင်းနှင့် အချိန်တိုအတွင်း ဖြတ်သန်းသွားလာနိုင်ကြပြီ ဖြစ်ပါကြောင်း၊ အလားတူ ရထားလမ်းမှတစ်ဆင့် အရှေ့ဘက်ခြမ်းဒေသများ မိတ္ထီလာ၊ မန္တလေး၊ မြစ်ကြီးနား၊ လားရှိုး၊ တောင်ကြီးဒေသများသို့လည်းကောင်း၊ မြစ်ဝကျွန်းပေါ်ဒေသများဖြစ်သည့် ကြံခင်း၊ ဟင်္သာတဒေသများသို့လည်းကောင်း ကုန်စည်များ လွယ်ကူစွာ ပို့ဆောင်နိုင်တော့မည်ဖြစ်ပါကြောင်း။

ရေရှည်တွင် ၎င်းတံတားကြီးကို ဖြတ်သန်း၍ အိန္ဒိယ၊ မြန်မာ၊ တရုတ်သုံးနိုင်ငံဆက် လမ်းမကြီးများ၊ အိန္ဒိယ၊ မြန်မာ၊ ထိုင်းမှတစ်ဆင့် အာဆီယံနိုင်ငံများသို့ပါ ဆက်စပ်ပေးမည့် အဓိက အရှေ့အနောက်ဆက်သွယ်ရေးလမ်းမကြီးများ ပေါ်ပေါက်လာတော့မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဧရာဝတီမြစ်အနောက်ဘက်တွင် ရှိနေသော ဒေသထွက်ကုန်များ မြန်မာနိုင်ငံ တစ်နံတစ်လျားသာမက နယ်နိမိတ်ထိစပ်နေသော နိုင်ငံများကိုပါ လွယ်ကူစွာ ရောင်းဝယ်ဖောက်ကားနိုင်တော့မည်ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ဒေသတိုင်းဒေသတိုင်း တစ်ပြေးညီ တိုးတက်ဖွံ့ဖြိုးလာစေရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲမှုလျှော့နည်းပပျောက်မှု စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် ယခု လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်းသည် ၎င်းရည်မှန်းချက်များကို တစ်ဖက်တစ်လမ်းက ပံ့ပိုးအထောက်အကူဖြစ်စေမည် ဖြစ်ပါကြောင်း။

ပိုမိုဖြစ်ထွန်း

နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံဖြစ်အောင် တည်ဆောက်လျက်ရှိရာတွင် ဒေသအလိုက် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာရန် အရေးကြီးပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးကို ပိုမိုဖြစ်ထွန်းလာစေရန် ဆောင်ရွက်လျက်ရှိသကဲ့သို့ စိုက်ပျိုးထွက်ကုန်များ တစ်နေရာမှ တစ်နေရာသို့ သယ်ယူပို့ဆောင်မှု လွယ်ကူစေရန် လမ်းပန်းဆက်သွယ်ရေးကို တတ်စွမ်းနိုင်သမျှ ကြိုးပမ်းဆောင်ရွက်ပေးနေခြင်းဖြစ်ပါကြောင်း၊ အလားတူ ယခုလို လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်းကြောင့် တိုင်းရင်းသားအချင်းချင်း အလွယ်တကူ ကူးလူးဆက်ဆံနိုင်ပြီး တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးမှုရကာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပိုမိုဖြစ်ထွန်းစေမည် ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ့တာဝန် စတင်ယူသည့်ကာလ ကိုးလအတွင်း နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများကို အလေးအနက်ထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒေသအလိုက် တည်ငြိမ်အေးချမ်းရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအခြေအနေကောင်းများ ဖြစ်ပေါ်လာစေရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းရေးအတွက် လွတ်လပ်ရေးနှင့်အတူ အမြစ်တွယ်ပါလာခဲ့သည့် ပြည်တွင်းတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ထာဝရငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်နေရာတွင် ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် ပြည်ထောင်စုအဆင့်အဖွဲ့ ဖွဲ့စည်းပေးပြီး ထာဝရငြိမ်းချမ်းရေးမူများ ချမှတ်ပြီး ဆွေးနွေးလျက်ရှိပါကြောင်း၊ နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိကြောင်း ပြောကြားလိုပါကြောင်း။

တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊ ဈေးကွက်စီးပွားရေး ပီပီပြင်ပြင် ဖြစ်လာစေရေးအတွက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ပေးခြင်း၊ ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုကြောင့် နိုင်ငံတော်အတွင်း စိုက်ပျိုးရေးကို ထိခိုက်မှုမရှိစေရန်နှင့် စားဝတ်နေရေးပြည့်စုံမှုရှိစေရန် အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ခြင်း၊ ဆွေးနွေးပွဲများမှရရှိသော လုပ်ငန်းစဉ်များ ချမှတ်ခြင်း၊ လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းများကို တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်သော ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုရရှိစေရန် လိုအပ်သောဥပဒေများ ပြင်ဆင်ရေးဆွဲခြင်း၊ လုပ်ငန်းလွယ်ကူချောမွေ့စေရန် လုပ်ငန်းစနစ်များ ပြောင်းလဲဆောင်ရွက်စေခြင်း၊ နိုင်ငံတကာနှင့် ပိုမိုပွင့်လင်းစွာဆက်ဆံ၍ ပူးပေါင်းဆောင်ရွက်မှုများရရှိစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

ပူးပေါင်းဆောင်ရွက်

နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံဖြစ်ပေါ်လာစေရေးအတွက် အဓိကကျသည့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးများ ဆောင်ရွက်ရာတွင် ဒေသခံပြည်သူလူထုများအနေဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ၎င်းတံတားကြီးကို အဓိက အသုံးပြုကြမည့် မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ဒေသခံပြည်သူလူထုအားလုံး စီးပွားရေးပိုမိုဖွံ့ဖြိုးတိုးတက်လာပါစေဟု ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က တံတားတည်ဆောက်ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် ယနေ့ဖွင့်လှစ်သည့် ဧရာဝတီတံတား (ပခုက္ကူ)သည် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် လက်ပန်ခြေပေါ် ကျေးရွာနှင့် မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့တို့ကို ဆက်သွယ်သည့် မြန်မာနိုင်ငံမှာ အရှည်ဆုံးဧရာဝတီမြစ်ကူးတံတားကြီး ဖြစ်ပါကြောင်းနှင့် တံတားကြီးသည် နောင်ဖြစ်ပေါ်လာမည့် အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံဆက်သွယ်မည့် (Tripartite Highway)လမ်းမကြီးအတွက် ရည်ရွယ်ဖောက်လုပ်ထားခြင်းလည်းဖြစ်ပြီး နှစ်လမ်းသွားကားလမ်းနှင့် ရထားလမ်း ပူးတွဲပါဝင်သော သံမဏိသံပေါင်တံတားကြီးတစ်စင်း ဖြစ်ပါကြောင်း၊ ၎င်းတံတားကြီးတွင် ရထားလမ်းပါ ပူးတွဲဆောက်လုပ်ပေးခဲ့သည့်အတွက် ရထားဖြင့်ခရီးသွားလာပါက ပခုက္ကူမှ နေပြည်တော်သို့ ၁၉၅ မိုင်၊ နေပြည်တော်မှ ရန်ကုန်သို့ ၂၃၂ မိုင်၊ ပခုက္ကူမှ မြင်းခြံ-မန္တလေးသို့ ၁၁၉ မိုင်၊ ပခုက္ကူ မှ ဂန့်ဂေါ-ကလေးသို့ ၂၂၅ မိုင်၊ ပခုက္ကူမှ ညောင်ဦး-မန္တလေးသို့ ၁၀၅ မိုင် နှင့် ယင်းအပြင် တည်ဆောက်နေဆဲ ပခုက္ကူ-ကြံခင်း-ပုသိမ် ၄၆၇ မိုင် ပြီးစီးသွားပါက စုစုပေါင်းမိုင် ၁၃၄၃ မိုင်တို့ကို ၎င်းတံတားကြီးပေါ်မှ ရထားဖြင့် အချိန်တိုအတွင်း ဆက်စပ်သွားလာနိုင်တော့မည်ဖြစ်ပါကြောင်း။

ရွေးချယ်ပေးခဲ့

ဧရာဝတီတံတား(ပခုက္ကူ) တည်ဆောက်ရန် တံတားအူကြောင်းနေရာ(၅)နေရာ ရွေးချယ်တင်ပြခဲ့ပါကြောင်း၊ တင်ပြခဲ့သည့်တံတားအူကြောင်း (၅)နေရာအနက်မှ မြစ်ကမ်းတည်ငြိမ်မှုရှိခြင်း၊ ပခုက္ကူမြို့ပေါ်ရှိ တံတားဖြတ်သန်းမည့်နေရာသည် သာသနာ့နိကာအဆောက်အအုံနှင့် လူနေအိမ်များ အနည်းဆုံးနေရာဖြစ်ခြင်း စသည့်အချက်များပေါ်မူတည်ပြီး အူကြောင်းအမှတ်(၅)နေရာကို ထိုအချိန်က နိုင်ငံတော်အကြီးအကဲကိုယ်တိုင်ကြွရောက်ပြီး ရွေးချယ်ပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ တံတားတိုင် ၁၆၆ တိုင်ကို တစ်နှစ်အတွင်း အပြီးဆောင်ရွက်ခဲ့ပြီး ၁၆-၁၁-၂၀၁၁ ရက်တွင် သံပေါင်တပ်ဆင်ခြင်းလုပ်ငန်းများပြီးစီးကာ ရွှေမှုလီတပ်ဆင်ခြင်းမင်္ဂလာအခမ်းအနားကျင်းပနိုင်ခဲ့သဖြင့် သံပေါင်အခန်း ၃၀ ကိုလည်း ၁၁ လဖြင့် အပြီးတပ်ဆင်နိုင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ တံတားကြီးတစ်စင်းလုံးကို တည်ဆောက်ချိန် နှစ်နှစ်နှင့် အချိန်တိုအတွင်း တည်ဆောက်နိုင်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ၎င်းတံတားကြီးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရလက်ထက်၌ ဖွင့်လှစ်ခဲ့သော ကိုးစင်းမြောက် ပေ ၁၈၀ အထက် တံတားကြီးတစ်စင်း ဖြစ်ပါကြောင်း၊ တံတားကြီးကို Marine Steel 490 Newton/ mm^2 သံမဏိအမျိုးအစားအများဆုံး အသုံးပြုခဲ့ပြီး စုစုပေါင်း Steel တန်ချိန် ၂၉၂၆၀ တန် အသုံးပြုခဲ့ကာ Bolt &Nuts အလုံးရေ ၁၄၉၀၄၃၅ လုံးကို ၇၄၀ Kilo Newton တင်းအားရအောင် တပ်ဆင်ခဲ့ပါကြောင်း၊ တံတားကြီးကို သုညဒီဂရီစင်တီဂရိတ်အထိ အအေးဒဏ်ခံနိုင်ပြီး ၆၀ ဒီဂရီစင်တီဂရိတ်အထိ အပူကြောင့် ဆန့်ထွက်မှုခံနိုင်အောင် Expension Joint များကို တပ်ဆင်ထားရှိပါကြောင်း။

စာမျက်နှာ ၄ ကော်လံ ၁

ဧရာဝတီတံတား(ပခုက္ကူ)ကို ဝေဟင်မှ တွေ့ရစဉ်။ (သတင်းစဉ်)

1-1 (03).pmd 1 1/1/2012, 1:22 AM

စာမျက်နှာ ၃ မှ

ဆောက်လုပ်ရေးဝန်ကြီးဌာန၏ တံတားတည်ဆောက်မှုအပိုင်းကို တင်ပြရလျှင် ၁၉၈၈ ခုနှစ် မတိုင်မီက ပေ ၁၈၀ အောက် တံတား ၃၃၀၅ စင်းနှင့် ပေ ၁၈၀ အထက် ၁၉၈ စင်းရှိခဲ့ပြီး ၁၉၈၈ ခုနှစ်မှ ၂၀၁၁ ခုနှစ် မတ်လကုန်အထိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်တွင် ပေ ၁၈၀ အောက် တံတား ၂၉၄၄ စင်းနှင့် ပေ ၁၈၀ အထက် တံတား ၂၆၃ စင်းကို တည်ဆောက်ပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ ယခုပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရလက်ထက်တွင် ယနေ့အထိ ပေ ၁၈၀ အောက် တံတား ၇၄ စင်းနှင့် ပေ ၁၈၀ အထက် တံတားသည် ယခုပခုက္ကူတံတားကြီးအပါအဝင် ကိုးစင်း တည်ဆောက်ဖွင့်လှစ်ခဲ့ပြီဖြစ်ရာ စုစုပေါင်း မြန်မာတစ်နိုင်ငံလုံးတွင် ပေ ၁၈၀ အောက် တံတား ၆၃၂၃ စင်းနှင့် ပေ ၁၈၀ အထက် တံတားအစင်း ၄၇၀ တို့ကို တည်ဆောက်ပေးခဲ့ပြီး ဖြစ်ပါကြောင်း။

မကွေးတိုင်းဒေသကြီး၌ နိုင်ငံတော်က တံတားတည်ဆောက်မှုအပိုင်းကို ကြည့်လျှင် ၁၉၈၈ ခုနှစ်မတိုင်မီက ပေ ၁၈၀ အထက် တံတားအစင်း ၂၀ သာရှိခဲ့ပြီး ၁၉၈၈ ခုနှစ် နောက်ပိုင်းတွင်တော့ ယနေ့အထိ ဤပခုက္ကူတံတားကြီးအပါအဝင် ပေ ၁၈၀ အထက် တံတားကြီး ၂၅ စင်း တည်ဆောက်ပေးခဲ့ပြီး ဖြစ်ပါကြောင်း။

မကွေးတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ကူးတံတားများတွင် ဤပခုက္ကူတံတား အပါအဝင် ချောက်တံတား၊ မကွေးတံတားတို့ကို တည်ဆောက်ခဲ့ပြီးဖြစ်ပါကြောင်း၊ တည်ဆောက်ဆဲ ဧရာဝတီမြစ်ကူးတံတား (မလွန်) ၇၁၅၆ ပေနှင့် ပုသိမ်-မုံရွာလမ်းပေါ်ရှိ လွှာချောင်းတံတားပေ ၉၆၀ တို့ကို တည်ဆောက်လျက်ရှိပါကြောင်း၊ ပခုက္ကူမြို့လယ်တွင်ရှိသော ရွှေချောင်းတံတားကိုလည်း အခိုင်အမာတံတားအဖြစ်

အမှာစကား ပြောကြား

ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး ဧရာဝတီတံတား(ပခုက္ကူ) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

တည်ဆောက်ပေးရန် နိုင်ငံတော်အစိုးရက ခွင့်ပြုထားပြီးဖြစ်ပါကြောင်း သတင်းကောင်းပါးလိုပါကြောင်း။

ဤတံတားကြီးသည် မန္တလေးတိုင်းဒေသကြီးအနေဖြင့်ဆိုလျှင် ပေ ၁၈၀ အထက် တံတား ၂၅ စင်းမြောက်ဖြစ်ပြီး တည်ဆောက်ဆဲ ပေ ၁၈၀ အထက် တံတား လေးစင်းလည်းရှိပါကြောင်း။

ဤတံတားကြီးမတည်ဆောက်မီက ပခုက္ကူမှ လက်ပန်ခြေပေါ်ဘက်ကမ်းကို သွားမည်ဆိုလျှင် ဇက်ရေယာဉ်ဖြင့်သာ သွားလာရပြီး ဇက်ရေယာဉ်ပေါ်ကို လူရော၊ ယာဉ်များပါ တင်ဆောင်ဖြတ်ကူးသွားလာရခြင်းဖြစ်ကြောင်း၊ ယခင်ဇက်ရေယာဉ်ဖြတ်ချိန် ၁ နာရီကျော်ခန့်ကြာမည့်အစား ယခုတံတားကြီးပေါ်မှ ဖြတ်သန်းသွားလာပါက အချိန် ၂ မိနစ်မျှဖြင့် လိုရာခရီးကို ရောက်ရှိတော့မည်ဖြစ်ပါကြောင်း၊ ယခင်က တစ်နေ့လျှင် ဇက်ရေယာဉ်ဖြင့် ယာဉ်ကြီး၊ ယာဉ်ငယ်စီးရေ ၁၉၂ စီးသာ ဖြတ်သန်းသွားလာနိုင်ခဲ့ပါကြောင်း၊ ယခုဆိုလျှင် နေ့စဉ် ယာဉ်မျိုးစုံ ၅၀၀ ကျော် ဖြတ်သန်းသွားလာနေသည်ကို တွေ့မြင်ရတော့မည်ဖြစ်သည့်အတွက် ကားလမ်းဆက်သွယ်ရေး ပိုမိုချောမွေ့ကောင်းမွန်လာသည့်အပြင် ရထားလမ်းပါ အသုံးပြုလာနိုင်မည်ဖြစ်သည့်အတွက် ကုန်စည်စီးဆင်းမှုနှင့် သွားလာမှုများ ပိုမိုကောင်းမွန်လာမည်ဖြစ်ပြီး ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးတက်လာမည်ဖြစ်ပါကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်းတွင်ရှိသော ပခုက္ကူမြို့နယ်နှင့်ဆက်စပ်သည့် မြို့နယ်များအားလုံးသည် မြန်မာပြည်အထက်ပိုင်း ဒေသထွက်ကုန်နှင့် သီးနှံများကို အဓိကရောင်းဝယ်ဖောက်ကားလျက်ရှိသဖြင့် ဤမော်တော်ကားလမ်းနှင့် ရထားလမ်းပူးတွဲပါတံတားကြီးကြောင့် အချိန်တိုအတွင်း လိုရာခရီးကို ရောက်ရှိမည်ဖြစ်သကဲ့သို့ ဧရာဝတီမြစ်အရှေ့ဘက်ခြမ်းမှ မန္တလေးတိုင်းဒေသကြီး၊စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ နေပြည်တော်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးများသို့လည်းကောင်း၊ ဧရာဝတီမြစ်အနောက်ဘက်ခြမ်းမှ မကွေးတိုင်းဒေသကြီးမှတစ်ဆင့် ပုသိမ်-မုံရွာလမ်းမကြီးကို အသုံးပြုကာ စစ်ကိုင်းတိုင်းဒေသကြီး ချင်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်တို့ကိုလည်းကောင်း တစ်ဆက်တစ်စပ်တည်း ဆက်သွယ်သွားလာနိုင်တော့မည်ဖြစ်သဖြင့် ဒေသထွက်ကုန်သယ်ဆောင်ရောင်းဝယ်မှုများ သွက်လက်မြန်ဆန်လာမှုနှင့်အတူ ပြည်သူတို့၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးတို့ ပိုမိုတိုးတက်မြင့်မားလာတော့မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပခုက္ကူတံတားကြီးကို ပြည်ထောင်စုတံတားကြီးဟုပင် တင်စားခေါ်ဆိုနိုင်ကြောင်း။

လမ်းညွှန်မှာကြား

နိုင်ငံတော်သမ္မတကြီးက ၂၀၁၁ ခုနှစ် ဧပြီ ၂၄ ရက်တွင် ဧရာဝတီတံတား (ပခုက္ကူ)သို့ ရောက်ရှိစဉ် လမ်းညွှန်မိန့်ကြားရာ၌ “တံတားကြီးများ မြန်မြန်ပြီးစီးလျှင် ပြည်သူများ စောစီးစွာ အကျိုးကျေးဇူးများ ခံစားရမည်ဖြစ်ပြီး စီမံကိန်းဝင်လုပ်ငန်းကြီးများ တစ်ခုပြီးတစ်ခု ပြီးစီးသွားသည်နှင့်အမျှ တိုင်းပြည်ပိုမိုဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ကြောင်း၊ လုပ်ငန်းများ မြန်မြန်ပြီးချင်ဇောဖြင့် လုပ်ဆောင်ရာတွင် ခိုင်ခံ့မှုနှင့် အရည်အသွေးမထိခိုက်ရန်လည်း သတိပြုဆောင်ရွက်ကြရန်လိုကြောင်း” လမ်းညွှန်မှာကြားသွားခဲ့ပါကြောင်း။

နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်အတိုင်း ဤတံတားကြီးကို မြန်မြန်ဆန်ဆန် အချိန်မီပြီးစီးရေးအတွက် တံတားတည်ဆောက်ရန် တာဝန်ပေးထားသော အဖွဲ့ကြီး (၂) ဖွဲ့အပြင် ထပ်မံ၍ အထူးအဖွဲ့ (၃)ဖွဲ့မှ အင်ဂျင်နီယာ ၆၀ နှင့် ကျွမ်းကျင်လုပ်သား ၁၅၀၀ ကျော် အားဖြည့်ပြီး “လူကူစက်ကူအင်အားယူပြီး စုပြုံပုံအောကာ မြန်နှုန်းမြင့် ဆောင်ရွက်စေခဲ့ခြင်းဖြစ်ပါကြောင်း။”

ထို့အပြင် တံတားတည်ဆောက်မှုနည်းပညာများကိုလည်း ဖြန့်ဝေပေးသည့်အနေဖြင့် ပခုက္ကူနည်းပညာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူ ၂၉၇ ဦး၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ လေ့လာသူ ၆၄ ဦး၊ ချောက်နည်းပညာကောလိပ်မှ ကျောင်းသား ကျောင်းသူ ၆၉ ဦး၊ တောင်ငူနည်းပညာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူ ၂၉ ဦးတို့နှင့် မြန်မာတစ်နိုင်ငံလုံးမှာရှိသည့် အင်ဂျင်နီယာအဖွဲ့အစည်းအသီးသီးတို့မှ အင်ဂျင်နီယာကျောင်းသား ကျောင်းသူများစွာကို လက်တွေ့ကျကျ အုပ်စုခွဲပြီး လာရောက်လေ့လာစေခဲ့ခြင်းဖြင့် တံတားတည်ဆောက်မှု နည်းပညာများကိုလည်း ဖြန့်ဝေပေးနိုင်ခဲ့ပါကြောင်း။

ထို့အပြင် ဤတံတားကြီးပြီးစီးအောင် အဘက်ဘက်မှ ကူညီပေးခဲ့ကြသော ဒေသဆိုင်ရာ တာဝန်ရှိအဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များနှင့် ပခုက္ကူမြို့နှင့် လက်ပန်ခြေပေါ်ကျေးရွာမှ ဒေသခံပြည်သူအပေါင်းတို့ကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များကို ဆက်သွယ်ပေးသည့် တောင်မြောက်သွားလာနိုင်သော လမ်းမကြီးများ၊ အရှေ့အနောက်သွားလာနိုင်သော လမ်းမကြီးများဖောက်လုပ်ပေးလျက်ရှိပါကြောင်း၊ ယနေ့အထိ တိုင်းဒေသကြီးအတွင်း ကွန်ကရစ်လမ်း ၁၈၄ မိုင်၊ ကတ္တရာလမ်း ၁၆၁၉ မိုင်၊ ကျောက်လမ်း ၈၁၃ မိုင်၊ အမာခံလမ်း ၃၇၆ မိုင်၊ မြေလမ်း ၂၁၆၅ မိုင် ဖောက်လုပ်ပြီးခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့အပြင် လမ်းပန်းဆက်သွယ်မှုတွင် မဖြစ်မနေပါဝင်နေသော မြစ်ချောင်းများ ဖြတ်ကျော်ရသည့် တံတားများကိုလည်း ဖောက်လုပ်ပေးထားရာ ပေ ၁၈၀ အထက် တံတား ၃၉ စင်းအပါအဝင် တံတားကြီး/ငယ်ပေါင်း ၅၈၅၃ စင်း ဆောက်လုပ်ပေးထားပါကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးအတွင်း နေရာအနှံ့သွားလာနိုင်သည့် အခြေအနေရောက်ရှိနေပြီဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးအတွင်းသာမက တိုင်းဒေသကြီးတစ်ခုနှင့်တစ်ခု ဆက်သွယ်ပေးထားသည့် တံတားများလည်းရှိရာ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွက် ဧရာဝတီမြစ်ကူး စစ်ကိုင်းတံတား၊ ရတနာပုံတံတားတို့ရှိနေပြီး ရတနာသိယ်တံတားကို ဆောက်လုပ်ဆဲဖြစ်ပါကြောင်း၊ ယခုဧရာဝတီ(ပခုက္ကူ) တံတားကို မကွေးတိုင်းဒေသကြီးနှင့် ဆက်သွယ်ပေးထားပါကြောင်း၊ ထို့ကြောင့် မန္တလေးတိုင်းဒေသကြီး၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေမှာ တိုင်းဒေသကြီးအတွင်းသာမကဘဲ အခြားသော တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ပါ လမ်းပန်းဆက်သွယ်မှုကောင်းမွန်လျက်ရှိနေရာ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုလျက်ရှိနေပါကြောင်း။

ခွဲခြား၍မရ

မိမိတို့ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့သည် နယ်မြေဆက်စပ်လျက်ရှိကြပါကြောင်း၊ နယ်မြေဆက်စပ်လျက်ရှိသည်နှင့်အမျှ လူမှုဆက်ဆံရေးကိစ္စရပ်များ၊ စီးပွားရေးဆက်ဆံမှုကိစ္စရပ်များသည် ခွဲခြား၍မရသော ဒေသကြီးများ ဖြစ်ကြပါကြောင်း၊ ပခုက္ကူမြို့သည် မကွေးတိုင်းဒေသကြီးထဲက ဧရာဝတီမြစ်အနောက်ဘက်ကမ်းမြို့တော်ဖြစ်ပါကြောင်း၊ ပခုက္ကူမြို့နှင့် မန္တလေးတိုင်းဒေသကြီးအတွင်း မြို့များနှင့်ဆက်သွယ်သွားလာမှု၊ ကုန်စည်ပို့ဆောင်မှု နေ့စဉ်ရှိပါကြောင်း။

ယခု ဧရာဝတီတံတား(ပခုက္ကူ)ပေါ်ပေါက်လာခြင်းသည် မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးနှစ်ခုအကြား သွားလာမှုလွယ်ကူခြင်း၊ ကုန်စည်စီးဆင်းမှုလွယ်ကူ/လျင်မြန်ခြင်းတို့ကြောင့် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍများ ပိုမိုတိုးတက်ကောင်းမွန်လာတော့မည်ဖြစ်ပါကြောင်း၊ မိမိတို့ တိုင်းဒေသကြီးနှစ်ခုအတွက်သာမက မိမိတို့တိုင်းဒေသကြီးများနှင့် ဆက်စပ်နေသော အခြားသောတိုင်းဒေသကြီးများနှင့် ပြည်နယ်များအတွက်ပါ လမ်းပန်းဆက်သွယ်ရေးများ ပိုမိုကောင်းမွန်လျင်မြန်လာစေတော့မည် ဖြစ်ပါကြောင်း။

ထူးခြားချက်မှာ ဤတံတားကြီးသည် အိန္ဒိယ၊ မြန်မာ၊ ထိုင်း သုံးနိုင်ငံ Tripartite High Way လမ်းမကြီးပေါ်ရှိနေသည့်အတွက် မိမိတို့တိုင်းဒေသကြီး နှစ်ခုအတွက်သာမက နိုင်ငံတော်အတွက်ပါ အရေးပါပြီး အသုံးဝင် တန်ဖိုးလွန်စွာကြီးမားကြောင်း မှတ်ယူနိုင်ပါကြောင်း၊ ထို့ကြောင့် ဤတံတားကြီး ဖြစ်ပေါ်လာမှုအပေါ်တွင် မိမိတို့ မန္တလေးတိုင်းဒေသကြီးအနေဖြင့် လွန်စွာဂုဏ်ယူဝမ်းမြောက်လျက်ရှိပါကြောင်း။

ဤတံတားကြီးသည် ကားရော၊ ရထားပါ သွားလာနိုင်သည့် တံတားဖြစ်ပါကြောင်း၊ ထို့ကြောင့် နေပြည်တော်-ပုဂံ၊ မန္တလေး-ပုဂံမီးရထားလမ်းနှင့် ရန်ကုန်-ပြည်-ပုဂံ-ပခုက္ကူ ဆက်စပ်သွားလာနိုင်ပြီ ဖြစ်ပါကြောင်း၊ ထို့အပြင် ပုဂံမှ ပခုက္ကူ/ဂန့်ဂေါ/ကလေးမြို့များသို့ပါ မီးရထားလမ်း တိုက်ရိုက်ပေါက်သွားသည့်အတွက် ဧရာဝတီမြစ်အရှေ့ခြမ်းနှင့် အနောက်ခြမ်း ကုန်စည်စီးဆင်းမှု ပိုမိုလွယ်ကူပြီး ကုန်ကျစရိတ်များလည်း လျော့ကျ လာမည်ဖြစ်သည့်အတွက် ပြည်သူလူထုအတွက် လွန်စွာအကျိုးရှိစေမည်ဖြစ်ပါကြောင်း။

နောင်အခါ ဖြစ်ပေါ်လာမည့် ပခုက္ကူတောင်ဘက် ရထားလမ်းပိုင်းနှင့်လည်း ချိတ်ဆက်သွားနိုင်မည်ဖြစ်သည့်အတွက် ဧရာဝတီမြစ်အနောက်ခြမ်းရှိ ရထားလမ်းတစ်ခုလုံးနှင့် ချိတ်ဆက်နိုင်တော့မည် ဖြစ်ပါကြောင်း။

မန္တလေးတိုင်းဒေသကြီး၏ ပြည်သူလူထုအနေဖြင့် ဤတံတားကြီး ဖြစ်ပေါ်လာမှုအပေါ်တွင်ကြည့်ပြီး ဧရာဝတီမြစ်အရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်းတို့ ကားလမ်းရော ရထားလမ်းများပါ ဆက်စပ်သွားလာနိုင်မှုအပေါ် အိပ်မက်ပမာ ဖြစ်ခဲ့ကြပါကြောင်း၊ ယနေ့တွင် တံတားကြီးကို ဖွင့်လှစ်လိုက်သည့်အတွက် လာမည့် ၂၀၁၂ ခုနှစ်အတွက် နိုင်ငံတော်က နှစ်သစ်လက်ဆောင်အဖြစ်ပေးသည်ဟုပင် မှတ်ယူကြပါကြောင်း။

နိဂုံးချုပ်အနေဖြင့် မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွက်ရော နိုင်ငံတော်အတွက်ပါ အထူးအကျိုးပြုသည့် ဤတံတားကြီးကို တည်ဆောက်ခွင့်ပြုပေးပါသော နိုင်ငံတော်အစိုးရကို အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် ဤတံတားကြီးကို တာဝန်ယူတည်ဆောက်ခဲ့ကြသည့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာများ၊ အရာထမ်း/အမှုထမ်းများအားလုံး၏ ကြိုးစားအားထုတ်မှု၊ တာဝန်ကျေပွန်မှုတို့ကိုလည်း အသိအမှတ်ပြုပါကြောင်း မန္တလေးတိုင်းဒေသကြီး၏ ပြည်သူလူထုကိုယ်စား ပြောကြားလိုပါကြောင်း။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက အမှာစကားပြောကြားရာတွင် ယနေ့ဖွင့်လှစ်သည့် ရထားလမ်းနှင့် ကားလမ်းပူးတွဲပါ ဧရာဝတီတံတား (ပခုက္ကူ)တံတားကြီးသည် မြန်မာနိုင်ငံတွင် အရှည်ဆုံးတံတားကြီးဖြစ်သကဲ့သို့ ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်းကို ပေါင်းကူးပေးသည့် ထူးခြားအသုံးဝင်လှသည့် တံတားကြီးဖြစ်ပါကြောင်း၊ ဤတံတားကြီးကို တည်ဆောက်ဖွင့်လှစ်နိုင်သည့်အတွက်လည်း ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးနေသေးသော ဧရာဝတီမြစ်၏ အနောက်ဘက်ခြမ်းဒေသများသည် ချက်ချင်းဆိုသကဲ့သို့ အလျင်အမြန် ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည်ပင် ဖြစ်ပါကြောင်း။

ဤတံတားကြီးကို အောင်မြင်စွာ တည်ဆောက်နိုင်ခြင်းကြောင့် ဧရာဝတီမြစ်၏ အရှေ့ဘက်ခြမ်းတွင်ရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ဧရာဝတီမြစ်၏ အနောက်ဘက်ခြမ်းမှာရှိသည့် တိုင်းဒေသကြီး၊ ပြည်နယ်များသည် တစ်ဆက်တစ်စပ်တည်း ဖြစ်သွားပြီး ဟန်ချက်ညီ ဖွံ့ဖြိုးတိုးတက်လာနိုင်တော့မည်ဖြစ်ပါကြောင်း။

မိမိတို့ မကွေးတိုင်းဒေသကြီးအတွင်းတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက တည်ဆောက်ပေးခဲ့သည့် ပေ ၁၈၀ နှင့်အထက် တံတားကြီးများအနေဖြင့် ယခုတံတားအပါအဝင် ၁၇ စင်းမြောက်အထိ ရှိနေပြီဖြစ်သကဲ့သို့ တည်ဆောက်ဆဲတံတားအရှည် ၃၂၁၅ ပေရှိ ဧရာဝတီတံတား(မလွန်)တစ်စင်းလည်း မကြာမီ ပေါ်ထွန်းလာဦးမည်ဖြစ်ကြောင်း။

အထူးကျေးဇူးတင်

နိုင်ငံတော်အနေဖြင့် မိမိတို့ မကွေးတိုင်းဒေသကြီးအတွင်းတွင် ရိုးမဖြတ်ကျော်လမ်းမကြီးများ၊ ဧရာဝတီမြစ်ကျော်တံတားကြီးများဖြစ်သည့် ဧရာဝတီတံတား(မကွေး)၊ အနော်ရထာတံတား(ချောက်)၊ ဧရာဝတီတံတား(ပခုက္ကူ)၊ ဧရာဝတီတံတား(မလွန်)တို့အပြင် ပုသိမ်-မုံရွာလမ်းမကြီး စသည်ဖြင့် အချိုးညီညီ တည်ဆောက်ပေးနေသည့်အပြင် ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်တို့ကို သွားလာနိုင်သည့်လမ်းများကို တိုးတက်ပြုပြင်ဆောက်လုပ်ပေးနေသည်ကို အားလုံးအသိအမြင်ပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့်လည်း မကွေးတိုင်းဒေသကြီးသည် အချက်အချာကျသည့် ဒေသကြီးဖြစ်လာပြီး စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသည့် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို ရရှိခံစားနေရပြီဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရအား တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများကိုယ်စား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

ထို့အတူ တံတားကြီးသည် နှစ်လမ်းသွားကားလမ်းနှင့် ရထားလမ်းတစ်လမ်း ပါဝင်သည့်အတွက် ပခုက္ကူခရိုင်နှင့် ဆက်စပ်သည့် ဒေသအားလုံးသည် သွားလာမှု၊ ကုန်စည်စီးဆင်းမှု ပိုမိုလျင်မြန်ကောင်းမွန်လာပြီး *စာမျက်နှာ ၅ ကော်လံ ၁*

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ရောဝတီတံတား (ပခုက္ကူ)ပေါ်မှ ဖြတ်သန်းကြည့်ရှုစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၄ မှ

ဒေသထွက်ကုန်များကို သယ်ယူ ပို့ဆောင်စရိတ်နည်းပါးစွာဖြင့် ဆောင်ရွက်လာနိုင်တော့မည်ဖြစ်သည့်အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်လာသည်နှင့်အမျှ လူနေမှုအဆင့်အတန်းသည်လည်း တိုးတက်မြင့်မားလာတော့မည်ဖြစ်ပါကြောင်း။

ထို့အပြင် ဤတံတားကြီး တည်ဆောက်ဖွင့်လှစ်နိုင်ခြင်းကြောင့် ရောဝတီမြစ်အနောက်ဘက်ခြမ်းတွင်ရှိသော မကွေးတိုင်းဒေသကြီးမှတစ်ဆင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်တို့အား လည်းကောင်း၊ ရောဝတီမြစ်အရှေ့ဘက်ခြမ်းတွင်ရှိသည့် မန္တလေးတိုင်းဒေသကြီးမှတစ်ဆင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးများသို့ တစ်ဆက်တစ်စပ်တည်း ကူးလူးသွားလာနိုင်ပြီဖြစ်သည့်အတွက် တိုင်းရင်းသားညီအစ်ကိုများ သွေးစည်းညီညွတ်မှုကို ပိုမိုတည်ဆောက်ပေးနိုင်တော့မည့် (တိုင်းရင်းသားစည်းလုံးညီညွတ်ရေး) တံတားကြီးတစ်စင်းပင်ဖြစ်ကြောင်း။

သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အညီ ဤတံတားကြီးကိုအချိန်တိုကာလအတွင်း အောင်မြင်စွာ တည်ဆောက်ပေးခဲ့ပါသော ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ကာယ ဉာဏဝန်ထမ်းများ၊ ဆက်စပ်ရထားလမ်းဖောက်လုပ်ပေးပါသော ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူအဆင့်ဆင့်နှင့် ကာယ၊ဉာဏဝန်ထမ်းများ၊ တံတားကြီးတည်ဆောက်ရေးတွင် အောင်အောင်မြင်မြင်ချောမောအောင် ဝိုင်းဝန်းကူညီပေးကြသည့် မိဘပြည်သူများကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

အချိုပေါ်သကာလောင်း

ထို့နောက် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ဒေသခံပြည်သူများကိုယ်စား အမှတ်(၁၂) ရပ်ကွက်မှ ဦးအေးကိုက မကွေးတိုင်းဒေသကြီးအတွင်း၌ရှိသော ပခုက္ကူမြို့သည် ရေအနောက်မြို့တော်ဟု ပခုက္ကူဒေသသားတို့က ဂုဏ်ယူပြောဆိုနေကြသည်အား ယခုဖွင့်လှစ်လိုက်သည့် တံတားကြီးသည် အဆိုပါ ဂုဏ်ပုဒ်ကို နိုင်ငံတော် အစိုးရက အချိုပေါ်သကာလောင်းသကဲ့သို့ ထပ်လောင်းပေးလိုက်ခြင်း ဖြစ်သည်ဟု ပြောကြားလိုပါကြောင်း။

ဤတံတားကြီးနေရာကို တိုင်းတာရေးလုပ်ငန်းများစတင်ခဲ့စဉ်က မိမိတို့မြို့သားများက တိုင်းသာတိုင်းတာပါ တကယ်ဆောက်နိုင်သေးမည်မဟုတ်ပါဘူးဟု ပြောဆိုခဲ့ကြပါကြောင်း၊ တံတားအုကြောင်းကို ရွေးချယ်ကာ တံတားစတင်တည်ဆောက်ချိန်တွင်လည်း လေး၊ငါးနှစ်တော့ကြာမှာပဲဟု ထင်နေကြပါကြောင်း၊ သို့ရာတွင် အင်ဂျင်နီယာဝန်ထမ်းများ၊ ၎င်းတို့နှင့်ပါလာသော ကျွမ်းကျင်လုပ်သားများစွာနှင့် ဒေသခံကာယ၊ ဉာဏလုပ်သားများ၏ နေ့-ည မနား၊ မလျှော့သောဇွဲလုံ့လနှင့် အခက်အခဲများကို ဖြတ်ကျော်ဆောင်ရွက်လာသည့်အခါ တံတားတိုင်ကြီးများက ရေပြင်မှာရော ကုန်းပေါ်မှာပါ မိမိတို့ မျက်စိအောက်မှာပင် အချိန်တိုအတွင်း ပေါ်ထွက်လာသည်ကို မြင်တွေ့လာရပြီး အံ့သြခဲ့ကြရပါကြောင်း၊ ဤအချိန်မှာပင် တံတားသံပေါင်များ အချိန်ကိုက်စုပြုံရောက်ရှိလာပြီး သံပေါင်များအချိန်ပြည့် တပ်ဆင်လာသည့် အချိန်တွင်မူ တံတားကြီးအမှန်တကယ်ပြီးအောင် ဆောက်နိုင်ပြီဟု ယုံကြည်လက်ခံလာခဲ့ပါကြောင်း၊ မိမိတို့နေစဉ်နှင့်အမျှ တံတားကြီးပြီးစီးမှုအခြေအနေကို လာကြည့်ဖြစ်သည်အထိ တံတားကြီးသည် မျက်စိအောက်မှာပင် တစ်ခုံးပြီး တစ်ခုံးပေါ်လာကာ ပခုက္ကူဘက်ကမ်းနှင့်နီးလာသည်ကို အိမ်ပြန်ရောက်ချိန်တွင် ပြန်လည်ပြောပြရသည်မှာ အားမရနိုင်လောက်အောင် ဖြစ်နေခဲ့ရပါကြောင်း။

ဤနောက်တွင်မူ တံတားကြီးသည် မိမိတို့မူလတွေးထင်မှန်းဆခဲ့သည်ထက်ကို စောပြီး ပြီးစီးလာခဲ့ပါကြောင်း။

ဤတံတားကြီး ဖွင့်လှစ်နိုင်သည့်အတွက် မကွေးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည်တို့တွင်လည်း ပိုမိုတိုးတက်ကောင်းမွန်လာမည်ဖြစ်ပါကြောင်း။

ကြိုးပမ်းဆောင်ရွက်

တိုးတက်ဖြစ်ပေါ်လာသည့် လမ်းပန်းဆက်သွယ်မှုအခြေအနေကောင်းများကို အခြေခံပြီး မိမိတို့ဒေသခံပြည်သူများသည်လည်း နိုင်ငံတော်အကြီးအကဲနှင့် တာဝန်ရှိသူများ၏ စေတနာကို လေးစားဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်၏ဦးဆောင်မှုအောက်တွင် အထွေထွေဖွံ့ဖြိုးတိုးတက်မှုများရရှိအောင် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေသခံပြည်သူများကိုယ်စား ကတိပြုပြောကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ဒေသခံပြည်သူများကိုယ်စား ဦးဖုန်းကျော်က မိမိတို့ ညောင်ဦးမြို့နယ်ရှိ ကျေးရွာများမှ ပြည်သူများသည် ပခုက္ကူမြို့ဘက်သွားရောက်ရာတွင် ယခင်က ရောဝတီမြစ်ကြီးကို လှေသမ္ဗန်၊ စက်လှေ၊ ဇက်ရေယာဉ်တို့ဖြင့် ရေလယ်ကျွန်းကြီးကိုပတ်၍ အချိန်ကြာမြင့်စွာ ကူးသန်းသွားလာခဲ့ရကြောင်း။

မိမိတို့သည် ပခုက္ကူမြို့နှင့် ပတ်ဝန်းကျင်မြို့၊ ကျေးရွာများကို သွားလာရန်အတွက် နီးလျက်နှင့်ဝေးနေရကြောင်း၊ ရာသီဥတုအခြေအနေအရ ရေလမ်းခရီးဖြင့် ကူးခတ်သွားလာရာ၌ နွေရာသီတွင် မမျှော်လင့်ဘဲ လေပြင်းမုန်တိုင်းများ တိုက်ခတ်ခြင်း၊ သဲမုန်တိုင်းများ တိုက်ခတ်ခြင်း၊ မိုးရာသီတွင် ရုတ်တရက်မိုးသက်လေပြင်းများကြောင့် လှိုင်းကြီးခြင်း ဒုက္ခများကြုံတွေ့ခဲ့ရပြီး လှေ၊ သမ္ဗန်၊ စက်လှေများ တိမ်းမှောက်၍ ကုန်ပစ္စည်းများ ဆုံးရှုံးခြင်းနှင့် တစ်ခါတစ်ရံ ဝမ်းနည်းဖွယ်ရာ လူ့အသက်များ ဆုံးရှုံးခြင်းကိုပါ ကြုံတွေ့ခံစားခဲ့ရပါကြောင်း။

ယခုကဲ့သို့ တံတားကြီးကို နိုင်ငံတော်အကြီးအကဲများ၏ ပြည်သူများအပေါ် ထားရှိသည့် စိတ်ထားစေတနာမှန်နှင့်အညီ ပေါ်ထွန်းလာသည့်အတွက် မိမိတို့ဒေသခံ ပြည်သူများအနေဖြင့် ပြောပြမတတ်အောင် ဝမ်းသာပီတိဖြစ်ရပါကြောင်း။

ယခုကဲ့သို့ မြန်မာနိုင်ငံ၏ အရှည်ဆုံးတံတားကြီးကို မေတ္တာ စေတနာ အပြည့်ထား၍ တည်ဆောက်ပေးခဲ့သည့် နိုင်ငံတော်ခေါင်းဆောင်အကြီးအကဲများ၊ အချိန်တိုအတွင်း အလျင်အမြန်ပြီးစီးအောင် ဆောင်ရွက်ပေးခဲ့ပါသော ကာယဉာဏ လုပ်သား

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်နှင့် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်တို့ လက်ပန်ခြေပေါ်ဘက်ကမ်း တံတားကြီးအား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

များအား ဒေသခံပြည်သူများကိုယ်စား အထူးပင်ကျေးဇူးတင်ရှိပါကြောင်းနှင့် ဤတံတားကြီးကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဒေသခံပြည်သူများအနေဖြင့် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ရောဝတီတံတား (ပခုက္ကူ) ဖွင့်လှစ်နိုင်ရန် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ဘက်ကမ်းရှိ တံတားမုခ်ဦးသို့ သွားရောက်နေရာယူကြသည်။

ယင်းနောက် မင်္ဂလာအချိန်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေနှင့် မကွေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးရဲမြင့်တို့က ပခုက္ကူဘက်ကမ်းတံတားကြီးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ပခုက္ကူဘက်ကမ်း တံတားဖွင့်ပွဲမုခ်ဦးရှေ့၌ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတသည် ရောဝတီတံတား (ပခုက္ကူ) ဘက်ကမ်း ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ပက်ဖျန်းပေးသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများ၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အမွှေးနံ့သာရည်များကို ပက်ဖျန်းပေးကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ပခုက္ကူဘက်ကမ်းမှ လက်ပန်ခြေပေါ် ဘက်ကမ်းသို့ မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် လက်ပန်ခြေပေါ်ဘက်ကမ်းရှိ ရောဝတီတံတား (ပခုက္ကူ) ဖွင့်ပွဲကျင်းပမည့် သတ်မှတ်နေရာ၌ သွားရောက်နေရာယူကြသည်။

ထို့နောက် မင်္ဂလာအချိန်တွင် ရောဝတီတံတား(ပခုက္ကူ) လက်ပန်ခြေပေါ်ဘက်ကမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် လက်ပန်ခြေပေါ်ဘက်ကမ်း တံတားဖွင့်ပွဲမုခ်ဦးရှေ့၌ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အမွှေးနံ့သာရည်ပက်ဖျန်း

ဆက်လက်၍ ဒုတိယသမ္မတသည် လက်ပန်ခြေပေါ်ဘက်ကမ်းရှိ ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ရောဝတီတံတား(ပခုက္ကူ) ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး တံတားကြီးကို ဖြတ်သန်းကြည့်ရှုသည်။

ရောဝတီတံတား (ပခုက္ကူ)မှာ ရောဝတီမြစ် အရှေ့ဘက်ခြမ်းရှိ မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နှင့် ရောဝတီမြစ်အနောက်ဘက်ခြမ်းရှိ မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့အတွင်း တည်ရှိသည်။

တံတားကြီး၏ ပင်မတံတားအရှည်မှာ ၁၁၄၃၁ ပေ (၂ဒသမ ၁၆ မိုင်)၊ ကားလမ်းတံတားအရှည်မှာ စုစုပေါင်း ၁၁၅၁၇ ပေ (၂ ဒသမ ၁၆ မိုင်) ရထားလမ်း တံတားအရှည်မှာ စုစုပေါင်း ၂၀၅၉၇ ပေ (၃ ဒသမ ၉၀ မိုင်) ရှိသည်။

တံတားအုတ်မြစ်နှင့် အောက်ထည်မှာ သံကူကွန်ကရစ်ဘိုးပိုင်နှင့် တိုင်ကိုယ်ထည်မှာ သံမဏိသံပေါင်အမျိုးအစားဖြစ်ပြီး မော်တော်ယာဉ်တစ်စီးချင်း ဝန်အလေးချိန်မှာ ၇၅ တန်ဖြစ်သည်။

ရထားလမ်းချဉ်းကပ်တံတားမှာ ပခုက္ကူဘက်ကမ်းတွင် ပေ ၅၄၂၀နှင့် လက်ပန်ခြေပေါ်ဘက်ကမ်းတွင် ၃၇၄၆ ပေ စုစုပေါင်း ချဉ်းကပ်တံတားအရှည် ၉၁၆၆ ပေရှိသည်။ ကားလမ်းချဉ်းကပ်တံတားမှာ ပခုက္ကူဘက်ကမ်းတွင် ၁၃၇၈ပေနှင့် လက်ပန်ခြေပေါ်ဘက်ကမ်းတွင် ၇၂၈ ပေ စုစုပေါင်း ချဉ်းကပ်တံတားအရှည် ၂၁၀၆ ပေရှိသည်။

တံတားကြီး၏ ရေလမ်းကင်းလွတ်အကျယ် ၂၆၂ ပေ (မီတာ ၈၀)ရှိပြီး ရေလမ်းကင်းလွတ်အမြင့်မှာ ၅၂ ပေ (၁၆ မီတာ)ရှိသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း ၁၃ ခုကို တာဝန်ယူဆောင်ရွက်လျက်ရှိရာ ရောဝတီတံတား(ပခုက္ကူ) ချဉ်းကပ်ရထားလမ်းစီမံကိန်းမှာ တစ်ခုအပါအဝင်ဖြစ်သည်။

စီမံကိန်း၏ ပခုက္ကူဘက်ခြမ်း ချဉ်းကပ်ရထားလမ်း တာပေါင်အရှည်မှာ ၁ ဒသမ ၇၁ မိုင်၊ လက်ပန်ခြေပေါ်ဘက်ခြမ်း ချဉ်းကပ်ရထားလမ်း တာပေါင်အရှည်မှာ ၂ ဒသမ ၃၀ မိုင်၊ ပင်မတံတားနှင့် ချဉ်းကပ်ရထားလမ်း တံတားများအပါအဝင် စုစုပေါင်း ရထားလမ်းအရှည် ၇ ဒသမ ၉၁ မိုင်နှင့် စုစုပေါင်း ရထားသံလမ်းအရှည် ၉ ဒသမ ၂၈ မိုင်ရှိပြီး အများဆုံးကွေ့ဒီဂရီမှာ ၃ ဒီဂရီဖြစ်သည်။

ရောဝတီမြစ်အနောက်ဘက်ခြမ်းဒေသများဖွံ့ဖြိုးတိုးတက်ရေးအတွက် ရောဝတီမြစ်အရှေ့ဘက်ခြမ်းရှိ ဖောက်လုပ်ဖွင့်လှစ်ပြီးဖြစ်သည့် တောင်တွင်းကြီး- ပုဂံ-မြင်းခြံ ရထားလမ်းနှင့် ရောဝတီအနောက်ဘက်ခြမ်းတွင် ဖောက်လုပ်ဆဲဖြစ်သည့် ကြံခင်း-ပခုက္ကူရထားလမ်းကို ဆက်သွယ်သွားလာနိုင်ရန် ဤစီမံကိန်းကို အကောင်အထည်ဖော်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ရောဝတီတံတား (ပခုက္ကူ)သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရလက်ထက်တွင် ဖွင့်လှစ်ခဲ့သည့် ကိုးစင်းမြောက် ပေ ၁၈၀ အထက် တံတားကြီးတစ်စင်းဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် - စုစည်းသည်

နှစ်မြုပ်သင်္ဘောမှ သင်္ဘောသား ပင်လယ်၌ ငါးရက်မျောပါနေစဉ် ဗြိတိန်သင်္ဘောတစ်စင်းမှ ကယ်ဆယ်

ဟန်ွိုင်း ဒီဇင်ဘာ ၃၁

ဖိလစ်ပိုင်နိုင်ငံ လူဇုန်ကျွန်းကမ်းလွန်တွင် ဒီဇင်ဘာ ၂၅ ရက်က ပျောက်ဆုံးသွားခဲ့သော ဗီနာလိုင်းကွင်းအမည်ရှိ ကုန်တင်သင်္ဘောမှ သင်္ဘောသားတစ်ဦးကို ပင်လယ်ပြင်၌ မျောနေစဉ် ဗြိတိန်သင်္ဘောတစ်စင်းကတွေ့ရှိ၍ ကယ်ဆယ်ခဲ့ကြောင်း ဗီယက်နမ်မီဒီယာများက ဒီဇင်ဘာ ၃၁ ရက်၌ ဖော်ပြသည်။

ယင်းဗြိတိန်သင်္ဘောသည် စင်ကာပူနိုင်ငံသို့ ခုတ်မောင်းနေစဉ် ဒီဇင်ဘာ ၃၀ ရက်ဒေသစံတော်ချိန် နံနက် ၁၀ နာရီခန့်က ပင်လယ်အတွင်း မျောပါနေသော သင်္ဘောသားတစ်ဦးကို ကယ်ဆယ်ခဲ့ကြောင်း၊ ၎င်းသင်္ဘောသား၏ ပြောကြားချက်အရ အခြားသင်္ဘောသား ၂၂ ဦးမှာ မည်သို့ဖြစ်ပျက်သည်ကို မသိရကြောင်း ပြောကြားသည်။

ကယ်ဆယ်ခဲ့

အဆိုပါသင်္ဘောသား၏အမည်မှာ ဒက်နုဟန်ဖြစ်ပြီး ယင်း၏ပြောကြားချက်အရ ၎င်းတို့၏သင်္ဘောသည် ဒီဇင်ဘာ ၂၅ ရက် နံနက် ၇ နာရီခန့်က ဖိလစ်ပိုင်နိုင်ငံ လူဇုန်ကျွန်း ကမ်းလွန်ရေပြင်တွင် တိမ်းစောင်းနစ်မြုပ်ခဲ့ကြောင်း၊ ၎င်းမှာ အသက်ကယ်ဘောကွင်းတစ်ခုဖြင့် ပင်လယ်အတွင်းငါးရက်ကြာမျှမျောပါနေခဲ့ရာ ဗြိတိန်သင်္ဘောမှ ကယ်ဆယ်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။ ယင်းသင်္ဘောသည် အင်ဒိုနီးရှားမှ တရုတ်နိုင်ငံသို့ မောင်းနှင်လာစဉ် နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

ပင်နီဇွဲလား၌ လောင်စာဆီတင်ကား တိမ်းမှောက်မီးလောင်

ကရာကပ် ဒီဇင်ဘာ ၃၁

ဗင်နီဇွဲလားနိုင်ငံ ကရာကပ်မြို့တော်၌ လောင်စာဆီတင်မော်တော်ယာဉ်တစ်စီး တိမ်းမှောက်ပြီး မီးလောင်သဖြင့် အခြားကားခုနစ်စီးနှင့်ဘတ်စ်ကားတစ်စီးပါ မီးလောင်ကျွမ်းရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ကရာကပ်မြို့တော် လူစည်ကားရာလမ်းပေါ်တွင် လောင်စာဆီတင်မော်တော်ယာဉ်တစ်စီး ဒီဇင်ဘာ ၃၀ ရက် နံနက်က တိမ်းမှောက်ပြီးနောက် မီးလောင်မှုဖြစ်ပွားသဖြင့် အနည်းဆုံး လူ ၁၃ ဦးသေဆုံးပြီး ၁၆ ဦးဒဏ်ရာရရှိသည်။ **(အပေါ်ပုံ)**

ကယ်ဆယ်ရေးလုပ်သားများက မီးလောင်သည့်မော်တော်ကားများအတွင်းမှ ကျွမ်းနေသည့် အလောင်းများကို ဆွဲထုတ်ယူရသည်ဟုဆို၏။ လောင်စာဆီတင် မော်တော်ယာဉ်မောင်းသူက မထိန်းနိုင်ဘဲ မော်တော်ယာဉ် တိမ်းမှောက်သွားရာမှ ဓာတ်ဆီများယိုဖိတ်ကာ မီးလောင်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

အိန္ဒိယတောင်ပိုင်း၌ သိမ်းအမည်ရှိ ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်



နယူးဒေလီ ဒီဇင်ဘာ ၃၁

သိမ်းအမည်ရှိ ဆိုင်ကလုန်းမုန်တိုင်းသည် အိန္ဒိယနိုင်ငံတောင်ပိုင်း တမီလ်နာဒူးပြည်နယ် ကမ်းခြေဒေသသို့ ဒီဇင်ဘာ ၃၀ ရက်က ဝင်ရောက်တိုက်ခတ်ခဲ့ရာ မိုးသည်းထန်ပြီး နေအိမ်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ သေဆုံးသူ ၄၂ ဦးအထိ ရှိပြီဖြစ်ကြောင်း ဒီဇင်ဘာ ၃၁ ရက်၌ သတင်းထုတ်ပြန်သည်။ **(ဝဲပုံ)**

ယင်းမုန်တိုင်းသည် တမီလ်နာဒူးပြည်နယ် ပူဒူချီရီမြို့နှင့် ကူဒါယောမြို့များသို့ ဝင်ရောက်တိုက်ခတ်ခဲ့ရာ တစ်နာရီ ကီလိုမီတာ ၁၄၀ နှုန်းအထိရှိခဲ့သည်။ ထိုသို့လေပြင်းများ တိုက်ခတ်မှုကြောင့် ပင်လယ်ပြင်တွင် လှိုင်းလုံးကြီးများဖြစ်ပေါ်ကာ ကမ်းခြေသို့ ရိုက်ခတ်ခဲ့သည်။ မုန်တိုင်းကြောင့် မော်တော်ယာဉ်အချို့လည်း ပျက်စီးခဲ့သည်။

သတိပေးထား

မုန်တိုင်းကြောင့် ပူဒူချီရီမြို့တွင် ဓာတ်အားကြိုးများ ပြတ်တောက်ပြီး ဓာတ်အားများဖြတ်တောက်လျက်ရှိကြောင်း၊ ဒေသခံများအား စာသင်ကျောင်း အဆောက်အအုံများရှိသည့် ဘေးကင်းရာနေရာသို့ ရွှေ့ပြောင်းကြရန် သတိပေးထားကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ (၃၁-၁၂-၂၀၁၁)

➢ တင်မောင်လွင် - စုစည်းသည် ➣

လာမည့်သုံးရက်အတွင်း တရုတ်၌ မိုးရွာသွန်းပြီး နှင်းများကျဆင်းနိုင်

တရုတ်နိုင်ငံတွင် ဇန်နဝါရီ ၁ ရက်မှစတင်၍ နှစ်သစ်ကူးရက် သုံးရက်အတွင်း နိုင်ငံအနောက်ပိုင်းမှ အရှေ့ဘက်ပိုင်းဒေသတို့သို့ အအေးလှိုင်းရိုက်ခတ်မှုကြောင့် နေရာဒေသအချို့တွင် မိုးရွာသွန်းပြီး နှင်းကျဆင်းမှုများ ဖြစ်ပေါ်နိုင်ကြောင်း တရုတ်ထိပ်တန်းမိုးလေဝသဆိုင်ရာ အာဏာပိုင်များက ဒီဇင်ဘာ ၃၀ ရက်တွင် ကြိုတင်ခန့်မှန်းခဲ့ကြသည်။

ဒီဇင်ဘာ ၂ ရက်မှ ၃ ရက်အထိ အအေးလှိုင်းကျရောက်မှုကြောင့် နိုင်ငံမြောက်ပိုင်းတွင် အပူချိန် ၁၀ ဒီဂရီဆဲလ်စီးရပ်နှင့် တောင်ပိုင်းတွင် အပူချိန် ၆ ဒီဂရီ ဆဲလ်စီးရပ်အထိ ကျဆင်းနိုင်ဖွယ်ရှိကြောင်း တရုတ်အမျိုးသားမိုးလေဝသဌာနက ကြိုတင်ခန့်မှန်းထားသည်။ ပေကျင်းမြို့တွင် ဇန်နဝါရီ ၁ ရက်ညမှစတင်၍ အပူချိန် ၃ ဒီဂရီမှ ၅ ဒီဂရီဆဲလ်စီးရပ်အထိ ကျဆင်းမှုနှင့်အတူ နှင်းအနည်းငယ်ကျဆင်းမှုကို တွေ့မြင်ရမည်ဟု ခန့်မှန်းထားသည်။ ဇန်နဝါရီ ၂ ရက်တွင် တောင်ပိုင်းဒေသရှိ စီချွမ်ပြည်နယ် အရှေ့ပိုင်းအပါအဝင် ချောင်ကျင်း၊ ကွမ်ကျို့၊ ယူနန်ဒေသတို့တွင် မိုးရွာသွန်းမှုများ ဖြစ်ပေါ်မည်ဟု ဆိုသည်။

အမေရိကန်၌ သတ္တုတွင်းမီးလောင်၊ သုံးဦးသေဆုံး

အမေရိကန်နိုင်ငံ တန်နက်ဆီပြည်နယ် ဓာတ်သတ္တုတွင်းတစ်တွင်း မီးလောင်မှုကြောင့် သတ္တုတွင်းအလုပ်သမားသုံးဦး သေဆုံးပြီး နှစ်ဦးဒဏ်ရာရသွားကြောင်း အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။ ဒီဇင်ဘာ ၂၉ ရက်က သတ္တုတွင်းအတွင်း စတင်မီးလောင်သော်လည်း မည်သည့်အတွက်ကြောင့် မီးလောင်သည်ကို မသိရပေ။ အချို့သော သတ္တုတွင်းလုပ်သားများမှာ မီးဘေးမှ လွတ်မြောက်သွားသည်ဟု ဂျက်ဖာဆင်စီရင်စု မီးဘေးကယ်ဆယ်ရေးအဖွဲ့မှ တာဝန်ရှိသူက ပြောကြားသည်။ သတ္တုတွင်းအတွင်း မြေအောက်ပေ ၈၀၀ အနက်တွင် မီးလောင်ခြင်းဖြစ်သဖြင့် ကယ်ဆယ်ရေးလုပ်သားများအနေဖြင့် ပိတ်မိနေသည့်သတ္တုတွင်းအလုပ်သမား များထံ မကြာမီရောက်မည်ဟု ယုံကြည်ကြောင်း ၎င်းက ပြောကြားသည်။

ယူကရိန်းဘဏ်၌ အကြမ်းဖက်ဖောက်ထွင်းတိုက်ခိုက်မှုဖြစ်ပွား

ယူကရိန်းနိုင်ငံအရှေ့ပိုင်း ဒိုနက်မြို့လယ်ရှိ ပုဂ္ဂလိကဘဏ်ကိုအကြမ်းဖက်တိုက်ခိုက်ဖောက်ထွင်းမှုကြောင့် အနည်းဆုံးလူငါးဦးသေဆုံးသွားကြောင်း အင်တာနက်တွင် ဒီဇင်ဘာ ၃၀ ရက်က ဖော်ပြထားသည်။ ဒိုနက်မြို့လယ်ရှိ ပုဂ္ဂလိကဘဏ်ကို ဒီဇင်ဘာ ၂၉ ရက် ဒေသစံတော်ချိန် ညနေ ၃ နာရီက ဓားပြများအကြမ်းဖက်တိုက်ခိုက်စဉ် ဘဏ်လုပ်သားလေးဦးနှင့် လုံခြုံရေးအစောင့်တစ်ဦး သေဆုံးသွားသည်။ ဘဏ်ဖောက်ထွင်းမှုဖြစ်ပွားကြောင်း ယူကရိန်းရဲတပ်ဖွဲ့က အတည်ပြုကြေညာသော်လည်း အသေးစိတ်ဖော်ပြခြင်းမရှိပေ။ အဆိုပါအကြမ်းဖက်တိုက်မှုအပြီး အလောင်းငါးလောင်းကို တွေ့ရကြောင်း၊ ယင်းအမှုနှင့်ပတ်သက်၍ စုံစမ်းလျက်ရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

၂၄ နာရီအတွင်း ဆိုမာလီ၌ ကလေးငယ် ၂၀၀ သေဆုံး

ငတ်မွတ်ခေါင်းပါးမှုနှင့် အကြမ်းဖက်မှုများကို ရင်ဆိုင်နေရသည့် ဆိုမာလီနိုင်ငံ၌ ရောဂါဘယနှင့် ဆေးဝါးမလုံလောက်မှုတို့ကြောင့် ၂၄ နာရီအတွင်း ကလေးငယ် ၂၀၀ အသက်ဆုံးရှုံးရကြောင်း အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။

ဆိုမာလီနယ်စပ်မှ ငါးကီလိုမီတာအကွာ အီသီယိုးပီးယားနိုင်ငံ အရှေ့တောင်ထောင့်ရှိ ဒိုလိုအဒိုဒုက္ခသည်စခန်းမှ ကလေးငယ် ၁၇၀ တို့မှာ ၂၄ နာရီအတွင်း ရောဂါအမျိုးမျိုးကြောင့် သေဆုံးကြရကြောင်း ဒုက္ခသည်စခန်းမှ သမားတော်တစ်ဦးက ပြောကြားသည်။ ထိုအတောအတွင်း မိုဂါဒစ်ရှုးမြို့တော်၌ ကလေးငယ် ၃၀ တို့မှာလည်း ငတ်မွတ်ခေါင်းပါးမှုနှင့် အခြားရောဂါများ၏ဖိစီးမှုကြောင့် အသက်ဆုံးရှုံးကြရကြောင်း သိရသည်။

နယူးဇီလန်နိုင်ငံ တောင်ကျွန်းတွင် ငလျင်လှုပ်

နယူးဇီလန်နိုင်ငံ တောင်ကျွန်းတွင် ဒီဇင်ဘာ ၃၁ ရက် ဒေသစံတော်ချိန် နံနက် ၁နာရီ ၄၄ မိနစ်က အင်အားရစ်ချ်တာစကေး ၅ ဒသမ ၃ အဆင့်ရှိ ငလျင်တစ်ခု လှုပ်သွားကြောင်း အမေရိကန်ဘူမိဗေဒတိုင်းတာရေးဌာနက သတင်းထုတ်ပြန်သည်။ အဆိုပါငလျင်သည် ခရစ်ချတ်ချ်မြို့မှ ၁၅ ကီလိုမီတာအကွာ မြေအောက် ၁၀ ဒသမ ၁၀ ကီလိုမီတာအနက်၌ ဗဟိုပြုလှုပ်သွားခြင်းဖြစ်သည်။ (အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာစာတည်းအဖွဲ့ စုစည်းဖော်ပြသည်

ယမန်နေ့မှ အဆက်

ယခုအခါ နှစ်ဟောင်းကုန်၍ နှစ်သစ်ကူးခဲ့ပြီဖြစ်သည်။ ကျွန်ခဲ့သည့် ၂၀၁၁ ခုနှစ်အတွင်း ထူးခြားသောဖြစ်စဉ်များ ပေါ်ပေါက်ခဲ့ရာ အထူးခြားဆုံးသတင်းများကို စုစည်းဖော်ပြလိုက်ပါသည်-

အောက်တိုဘာ ၁၃ ။ ။ *အိန္ဒိယဆရာဝန်များသည် ပထမဆုံးစက်ရုပ်ဖြင့် အသည်းအစားထိုးခွဲစိတ်မှုကို အသက်လေးနှစ်အရွယ် ယောက်ျားလေးတစ်ဦးအား ခွဲစိတ်ကုသမှုပေးခြင်းဖြင့် အောင်မြင်မှုရရှိခဲ့သည်။ အသည်းကင်ဆာရောဂါသည် လေးဇိုင်အက်ကို သူ့ဦးလေးဖြစ်သူ လှူဒါန်းသည့်အသည်း ၂၀ ရာခိုင်နှုန်းဖြင့် ဒါဗင်စီအမည်ရှိ စက်ရုပ်အသုံးပြုကာ ခွဲစိတ်အစားထိုး ကုသပေးခဲ့ခြင်းဖြစ်သည်။ မြို့တော်နယူးဒေလီမှ ကီလိုမီတာ ၃၀ ခန့်အကွာ ရှာရန်ဂျွန်မြို့ မီဒန်တာမက်ဒီစီတီ ဆေးရုံတွင် ခွဲစိတ်အစားထိုးပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ခွဲစိတ်ကုသစရိတ်မှာ အမေရိကန် ဒေါ်လာ ၃၀၀၀၀ ခန့် ကုန်ကျခဲ့သည်။*

အောက်တိုဘာ ၂၃ ။ ။ တူရကီအရှေ့တောင်ပိုင်းဒေသ၌ ပြင်းအားရစ်ချ်တာစကေး ၇ ဒသမ ၂ အဆင့်ရှိ ဆိုးရွားသည့် ငလျင်လှုပ်ခဲ့သည်။ ဘူမိပြတ်ရွေ့ကြောပေါ်တွင် တည်ရှိသည့်အားစစ်မြို့သည် ငလျင်ဒဏ်ကို အပြင်းထန်ဆုံးခံစားရသည့် မြို့ဖြစ်သည်။ ယင်းငလျင်ကြောင့် အဆောက်အအုံပေါင်းများစွာ ပြိုကျပျက်စီးခဲ့ရပြီး သေဆုံးသူလူဦးရေမှာ ၁၀၀၀ ကျော်ရှိခဲ့သည်။

အောက်တိုဘာ ၂၅ ။ ။ *ဒေးလီးမေးလ်သတင်းစာက ဖော်ပြခဲ့သော ဂျပန်ဆူနာမီကြောင့် ဖြစ်ပေါ်ခဲ့သည့် ရေမျောအမှိုက်ပုံကြီးများ အမေရိကန် ဟာဝိုင်ယီကျွန်းသို့ ဦးတည်ဆိုက်ရောက်လာနိုင်သည်ဆိုသည့်သတင်းကြောင့် ဖြေရှင်းနိုင်ရေး ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ခဲ့ရသည်။ ပရိဘောဂပစ္စည်းများ၊ ငါးဖမ်းလှေအပိုင်းအစများ၊ ရေခဲသေတ္တာများ စသောတန်ချိန်ငါးသန်းမှ သန်း ၂၀ ခန့်ရှိမည့် အပျက်အစီးအမှိုက်သရိုက်များ ဂျပန်နိုင်ငံမှ မိုင် ၂၀၀ အကွာရှိ ပစိဖိတ်သမုဒ္ဒရာအတွင်း ဟာဝိုင်ယီကျွန်းဆီသို့ ဦးတည်မျောနေသည်ကို ဒေးလီးမေးလ်သတင်းစာက ထောက်လှမ်းသိရှိကာ ဖော်ပြလိုက်ခြင်းကြောင့် ယင်းသို့ စိုးရိမ်ပူပန်ကာ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။*

အောက်တိုဘာ ၂၈ ။ ။ ကမ္ဘာ့သက်ရှိများ ဦးဆုံးစတင်ရာအရပ်သည်ဂရင်းလန်ကျွန်းရှိ ရှေ့မီးတောင်များ၌ ဖြစ်တည်ခဲ့ဖွယ်ရှိသည်ဟု သိပ္ပံပညာရှင်တချို့က သုတေသနပြု ပြောဆိုခဲ့သည်။ ဂရင်းလန်ကျွန်းအနောက်တောင်ဘက် အစ်ဆူအာဒေသ မီးတောင်များရှိ ကမ္ဘာ့ရှေးအကျဆုံး ဖြစ်ဖွယ်ရှိသည့် ကျောက်သားများတွင် ဇီဝရှင်သန်ရေး၌ အလွန်အရေးပါသည့် ဆာပန်နစ်တီးနိုက် (Serpenitinite) ခေါ် ဓာတုဒြပ်စင်တစ်မျိုးတွေ့ရှိရာမှ ယခုလို ပြောဆိုခဲ့ခြင်းဖြစ်သည်။

အောက်တိုဘာ ၃၁ ။ ။ *အိန္ဒိယ၌ မွေးဖွားသောကလေးငယ်ကို ကမ္ဘာ့သန်းခုနစ်ထောင်မြောက်လူသားအဖြစ် ရွေးချယ်သတ်မှတ်ခဲ့သည်။ ကမ္ဘာ့လူဦးရေ သန်းခုနစ် ထောင်မြောက်အဖြစ် မွေးဖွားသည့်ကလေးကို အတိအကျသိရှိရန် မလွယ်ကူသော်လည်း အိန္ဒိယနိုင်ငံ ဥတ္တရပရာဒေ့ရှ်ပြည်နယ် မောလ်ကျေးရွာလေးတစ်ရွာအတွင်း ဒေသစံတော်ချိန် နံနက် ၇ နာရီ ၂၅ မိနစ်ကမွေးဖွားသည့် နာဂျစ်အမည်ရှိ ကလေးမလေးကို နိုင်ငံတကာ ကလေးအခွင့်အရေးအဖွဲ့က ရွေးချယ်လိုက်ခြင်းဖြစ်သည်။* ***(အောက်ပုံ)***

အောက်တိုဘာ ၃၁ ။ ။ အမေရိကန်ပြည်ထောင်စုနှင့် အချို့သောနိုင်ငံများက ကန့်ကွက်ခဲ့ကြသော်လည်း ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ (ယူနက်စကို)သည် အထွေထွေညီလာခံ၌ ပါလက်စတိုင်းဒေသကို တင်းပြည့်အဖွဲ့ဝင်အဖြစ် လက်ခံလိုက်သည်။ ညီလာခံကို အဖွဲ့ဝင်နိုင်ငံပေါင်း ၁၇၃ နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး ပါလက်စတိုင်းကို တင်းပြည့်အဖွဲ့ဝင်နေရာပေးနိုင်ရေး မဲခွဲဆုံးဖြတ်ကြရာ ထောက်ခံမဲ ၁၀၇ မဲနှင့် ကန့်ကွက်မဲ ၁၄ မဲ ရှိခဲ့ပြီး နိုင်ငံ ၅၂ နိုင်ငံမှာ မဲပေးခြင်း မရှိခဲ့ပေ။

နိုဝင်ဘာ ၄ ။ ။ *အခြားဂြိုဟ်ကမ္ဘာများမှ သက်ရှိဖြစ်တည်မှုကို ရှာဖွေထောက်လှမ်းရေးတွင် ဂြိုဟ်သားများထုတ်လွှင့်မည့် ရေဒီယိုအချက်ပြသင်္ကေတများကိုဖမ်းယူရန် ကြိုးစားခြင်းထက် ၎င်းတို့နေထိုင်နေမည့်မြို့တော်များမှ အလင်းရောင်များကို ရှာဖွေထောက်လှမ်းသည်က ပိုမိုအရာရောက်မည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက အတွေးအခေါ်ပြောင်းလဲကာ အကြံပြုတိုက်တွန်းသည်။*

နိုဝင်ဘာ ၅ ။ ။ ဓာတုဒြပ်စင်တန်းစီဇယားတွင် ဒြပ်စင်သစ်အမည်သုံးမျိုးကို ထည့်သွင်းအတည်ပြုရန် ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ ကျင်းပသော ရိုးရိုးနှင့်အသုံးချရူပဗေဒဆိုင်ရ နိုင်ငံတကာသမဂ္ဂ၏ အထွေထွေညီလာခံ၌ သဘောတူခဲ့ကြသည်။ Darmstadtium(Ds), roemtgenium(Rg) နှင့် Copernicium (Cn) ဒြပ်စင်သစ် သုံးမျိုးကို ဓာတုတန်းစီဇယား၌ အဆင့် ၁၁၀၊ ၁၁၁၊ ၁၁၂ တို့၌ အစဉ်လိုက် ပါဝင်ထည့်သွင်းမည်ဖြစ်သည်။

နိုဝင်ဘာ ၇ ။ ။ *ခုခံအားကျဆင်းမှု ကူးစက်ရောဂါဖြစ်စေနိုင်သော အိတ်ချ်အိုင်ဗွီဗိုင်းရပ်စ်ပိုးသစ်တစ်မျိုး စင်ကာပူနိုင်ငံ၌ ရှာဖွေတွေ့ရှိသည်။ မူလအိတ်ချ်အိုင်ဗွီဗိုင်းရပ်စ်ပိုး နှစ်မျိုးမှ တရွေ့ရွေ့ပြောင်းလဲဖြစ်ပေါ်လာသည်ဟု ရှာဖွေတွေ့ရှိခဲ့သူ တန်တော့ဆန်ဆေးရုံမှ သုတေသီများက ယူဆထားသည်။ ၂၀၀၈ ခုနှစ်နှင့် ၂၀၀၉ ခုနှစ်အကြား အိတ်ချ်အိုင်ဗွီပိုးရှိသူ လူနာ ၂၀၀ ကျော်ကို လေ့လာပြီးနောက် အေအီး-ဘီဟု အမည်ပေးထားသော အိတ်ချ်အိုင်ဗွီဗိုင်းရပ်စ်ပိုးသစ်ကို ရှာဖွေတွေ့ရှိခြင်းဖြစ်သည်။*

နိုဝင်ဘာ ၉ ။ ။ အမေရိကန်နိုင်ငံရှိ စစ်စခန်းတစ်ထောင်၌ လျှို့ဝှက်သိုလှောင်ထားသော အထုမြူလက်နက်တိုက်များ၊ နျူကလီးယားလက်နက် သယ်ဆောင်နိုင်သော ဒုံးကျည်ထိပ်ဖူးများနှင့် ပတ်သက်၍ အစီရင်ခံစာတစ်စောင် ထုတ်ပြန်ပေးရန် အီရန်သမ္မတ မာမွတ်အမာဒီနီဂျက်က နိုင်ငံတကာအထုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ)အား တိုက်တွန်းခဲ့သည်။

ဆက်လက်ဖော်ပြပါမည်

နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆက်လက်ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၃၁

မြန်မာ့ ကျောက်မျက်ရတနာပြပွဲ ပြပွဲဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၁၁ ခုနှစ် နှစ်လယ်မြန်မာ့ ကျောက်မျက် ရတနာပြပွဲကို နေပြည်တော်ရှိ မဏိ ရတနာကျောက်စိမ်းခန်းမ၌ ယနေ့ ဆက်လက်ကျင်းပသည်။

နံနက် ၉ နာရီမှ စတင်၍ ပြည်တွင်း ပြည်ပရတနာကုန်သည်များသည် ဈေးပြိုင် စနစ်ဖြင့် ရောင်းချမည့် ကျောက်စိမ်း အတွဲများကို စိတ်ဝင်တစားကြည့်ရှု လေ့လာကြပြီး မဏိရတနာကျောက်စိမ်း ခန်းမ ပထမထပ်ရှိ လက်ဝတ်ရတနာ ပစ္စည်း အရောင်းဆိုင်များ၌လည်း ကြည့်ရှုလေ့လာ ဝယ်ယူကြသူများဖြင့် စည်ကားလျက် ရှိသည်။

မွန်းလွဲပိုင်းတွင် ပြပွဲဗဟိုကော်မတီ နာယက သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်သည် ပြပွဲဗဟိုကော်မတီအတွင်းရေးမှူး ဦးသိန်း ဆွေနှင့် ပြပွဲဗဟိုကော်မတီဝင်များနှင့်အတူ မဏိရတနာကျောက်စိမ်းခန်းမအတွင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ကျောက်စိမ်း အတွဲများ ရောင်းချနေမှုကို ကြည့်ရှု အားပေးပြီး **(အပေါ်ပုံ)** လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ဆက်လက်ရောင်းချသွားမည်

ယနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၁၄၃၃ တွဲရောင်းချရပြီး ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၃ ရက်အထိ ဈေးပြိုင် စနစ်ဖြင့် ကျောက်စိမ်းအတွဲများကို ဆက်လက်ရောင်းချသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

တောင်ပိုင်းဒေသများ နေရာကွက်ကျား မိုးရွာနိုင်

နေပြည်တော် ဒီဇင်ဘာ ၃၁

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တစ်ပြည်လုံးတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ ညအပူချိန်များမှာ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်း ဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၅ ဒီဂရီစင်တီဂရိတ်၊ ပူတာအိုမြို့နှင့် ကသာမြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီ၊ မိုးကုတ်မြို့တွင် ၇ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလား ပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင်မြေပြင် လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးရွာနိုင်သည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁-၁-၂၀၁၂ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလာသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ **မင်္ဂလာအပေါင်းနှင့်ခညောင်းပါစေ** တရားတော် (သန္တာဦးဆရာတော် ဘဒ္ဒန္တဝဏ္ဏသာမိ)
- ၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၇၃)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညွှန်ရာ** (အပိုင်း-၂၆)
- ၈:၅၀ Show Room (ဟာသဇာတ်လမ်းတွဲ)
- ၉:၁၀ Activities in the City (မြန်မာဘရူဝါရီလီမိတက် ကရဏာရှေး့ရှု မြန်မာမှု အစီအစဉ်၏ သွေးလှူဒါန်းပွဲ)
- ၉:၂၅ သဘာဝကျ လှပစေတဲ့ C'CARE
- ၉:၄၀ Sunday Talk (ဒေါက်တာသက်သက်ခိုင်၊ မျိုးမြတ်သူ)
- ၁၀:၀၅ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
- ၁၀:၁၀ ဒီနေ့ဘာဟင်းချက်မလဲ (ခလွာကြက်သားဟင်းခတ်မှုန့်)
- ၁၀:၃၅ ဗီဒီယိုပြခန်း
- ၁၁:၀၀ မိသားစုများသိသင့်သော လေဖြတ်ခြင်းဆိုင်ရာ ကျန်းမာရေး ဗဟုသုတများ(ဒေါက်တာပန်ဒိုရာ အောင်ကြီး၊ အကယ်ဒမီလူမင်း- ခင်စံပယ်ဦး၊ Rဇာနည်-ဝမ်း)
- ၁၁:၂၅ ရန်ကုန်မြင်ကွင်းကျယ် ရေနံချောင်းဒေသကောလိပ် (၁၉၇၇-၁၉၈၂)ကျောင်းသား ကျောင်းသူများ၏ နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ
- ၁၁:၄၅ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **မိုးကျရွှေကိုယ်** (အပိုင်း-၁၁)
- ၁၂:၃၀ ဈေးဝယ်လမ်းညွှန် (World Centre Point)
- ၁၂:၄၀ Cambridge Tutors College London(CTC) (Regent Elite Academy)
- ၁:၀၀ **မင်္ဂလာအပေါင်းနှင့်ခညောင်းပါစေ** တရားတော် (သန္တာဦးဆရာတော် ဘဒ္ဒန္တဝဏ္ဏသာမိ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ ရန်ကုန်မြင်ကွင်းကျယ် (ရန်ကုန်၊ ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်ဥပဒေ ပညာဌာန ၁၉၇၄-၁၉၇၉ ပညာသင် နှစ် ကျောင်းသားကျောင်းသူဟောင်း များ၏ စတုတ္ထအကြိမ်မြောက် ဆရာကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲ)
- ၂:၄၅ သွယ်လျကျန်းမာလှပစေတာ SMART GIRLS ပါ
- ၃:၀၅ နည်းပညာတက္ကသိုလ်(သန်လျင်) ဓာတုအင်ဂျင်နီယာ မြတ်ဆရာပူဇော်ပွဲ (၁၉၉၈-၂၀၀၈)
- ၃:၂၀ ထိုင်းကုန်စည်ပြပွဲနှင့် ယှဉ်တွဲ Lolane ဈေးရောင်းပွဲ
- ၃:၃၅ ရန်ကုန်မြင်ကွင်းကျယ် (OPI Jeans)
- ၃:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညွှန်ရာ** (အပိုင်း-၂၆)
- ၄:၄၅ ဂဏန်းသင်္ချာပျော်စရာ
- ၅:၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မိုးကျရွှေကိုယ်** (အပိုင်း-၁၂)
- ၆:၀၀ MRTV-4 သတင်း
- ၆:၁၅ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၆:၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၇၄)
- ၇:၃၅ သွားမယ်စားမယ် (Ricky's Place)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ G..T.I ကျောင်းပေါင်းစုံ ကျောင်းသား ကျောင်းသူ ဟောင်းများ၏(၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲ
- ၈:၄၀ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၄၄)
- ၈:၅၅ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာမျိုးမင်းစိုး)
- ၉:၂၅ **Barclays Premier League Sunderland Vs Man City**
- ၁၁:၂၅ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညွှန်ရာ** (အပိုင်း-၂၇)
- ၁၂:၁၀ ရွှေလက်ကမ်းလိုက်ကြိုနေမည်… စလင်းမြေ
- ၁၂:၂၅ လှပချစ်စရာလက်မှုအနုပညာ (Pretty in Day & Night)
- ၁၂:၄၅ **ရှင်နှောင်းကျောင်းရောက်ပြီ** ကြည်စိုး၊ ထူးသာ၊ ချောနဝင်း၊ ယွန်းငုံဖူး ဒါရိုက်တာ-ဦးခင်ဇော်
- ၁:၀၀ ရင်သွေးငယ်များကြည့်ရှုစရာ Cartoon Animation ပုံပြင်စာအုပ်မှာ
- ၁:၂၅ ရသစုံလင်စိမ်းလဲ့တင်ရဲ့ ပျိုးဥယျာဉ်
- ၁:၄၅ ကြည့်မြင်တိုင် မျက်မမြင်ကျောင်း၏ လေ့လာမှုနည်းပညာ
- ၂:၀၀ ဝင့်ကြွားအားမာန် **ကတိုက်**တမံ
- ၂:၀၅ လေ့လာမြတ်နိုးထိန်းသိမ်းဖို့ရာ ပန်းဆယ်မျိုးပညာ
- ၂:၃၀ လှပခေတ်မီ K-1အကယ်ဒမီ (ဒီဇိုင်နာ ခင်မျိုးဝင်း)
- ၂:၄၅ ဖန်တီးသူတို့ကမ္ဘာ
- ၃:၀၀ အများမြင်စရာ နှစ်ပါးသဘင်မဟာ **(ရွှေမန်းသဘင်အဖွဲ့ တင်မောင်ဆန်းမင်းဝင်း) (အပိုင်း-၂)**
- ၃:၄၀ ဆန်းသစ်အလှတိုး ရွှေချည်ထိုး
- ၄:၀၀ ဘဝများ (တင်မိုးလွင်)
- ၄:၂၀ ကြည်နူးစရာ လက်ဆောင်အဖြာဖြာ (Chocolate Haven)
- ၄:၄၅ ဆံတော်ရှင် ကျိုက်ထီးရိုး ဘုရားဖူး ခရီးသွားမှတ်တမ်း (အပိုင်း-၂)

Barclays Premier League

ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆:၅၅	West Brom-Everton	(ESPN)
၉:၂၅	Sunderland-Man City	(ESPN) (MRTV-4)

❒ *ကျော့ဖုံးမှ*

ဆင်းရွှေလီနှင့် မြင့်ဇေယျာမိသားစု စိုက်ပျိုးရေး အထူးပြုကုမ္ပဏီတို့က F1 မျိုးစေ့ထုတ် ကေ(၇၅၀)ကို နိုင်ငံတော်၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထွက်နှုန်း ကောင်း၊ အရည်အသွေးကောင်း ပုလဲသွယ်စပ်မျိုးစပါးများ စိုက်ပျိုးထုတ်လုပ် လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပညာရေးကဏ္ဍကို နိုင်ငံတကာအဆင့်မီ မြင့်မားတိုးတက်လာအောင် မြှင့်တင် ဆရာ ဆရာမများ ကာယ၊ ဉာဏစွမ်းအားရှိသမျှ အားသွန်ခွန်စိုက် ပါဝင်လုပ်ကိုင်

နေပြည်တော် ဒီဇင်ဘာ ၃၁

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၇၈) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ဗဟိုဝန်ထမ်း တက္ကသိုလ် (ဖောင်ကြီး)၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးခင်မောင်အေး တက်ရောက်အမှာ စကားပြောကြားသည်။ **(အပေါ်ပုံ)**

တက်ရောက်

အခမ်းအနားသို့ အမှတ်(၁)အခြေခံ ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်သူ၊ ဝန်ထမ်းရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါ်သိန်းညွှန့်နှင့် တာဝန်ရှိသူများ၊ အခြေခံပညာ ဆရာ ဆရာမ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၄၉၉ ဦး တက်ရောက်ကြသည်။

ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးခင်မောင်အေးက သင်တန်းဆင်း အမှာစကားပြောကြားရာတွင် နိုင်ငံရေး အင်အား၊ စီးပွားရေးအင်အား၊ နိုင်ငံတော် ကာကွယ်ရေးအင်အားဆိုသည့် အင်အား (၃)ရပ် တောင့်တင်းခိုင်မာရေးအတွက် နိုင်ငံသားတို့၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရန် အရေးကြီးကြောင်း၊ လူ့စွမ်းအားအရင်း အမြစ်ဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိက မဏ္ဍိုင်သည် ပညာရေးဖြစ်ကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက် စေရန်အတွက် ပညာရေးကဏ္ဍကို နိုင်ငံတကာအဆင့်မီ မြင့်မားတိုးတက် လာအောင် မြှင့်တင်ဆောင်ရွက်လျက်ရှိ ရာတွင် နယ်မြေအသီးသီးမှ ဆရာ ဆရာမ များကလည်း မိမိတို့ကျရာကဏ္ဍကနေ မိမိတို့ကာယ၊ ဉာဏစွမ်းအားရှိသမျှ အားသွန်ခွန်စိုက်ပါဝင် လုပ်ကိုင်သွား ကြရန်မှာကြားလိုကြောင်း၊ တက္ကသိုလ် ဝင်တန်းအောင်မြင်လာသော ကျောင်း သား ကျောင်းသူများ အားလုံးစံချိန်မီ အရည်အသွေး ရရှိစေရေးကိုလည်း အားထုတ် ကြိုးပမ်းကြစေလိုကြောင်း၊ တပည့်များ အမှန်တကယ် တတ်ကျွမ်း လာစေရေးအတွက် ဆရာဆရာမများ၏ အရည်အသွေးတိုးတက်ကောင်းမွန်လာ ရေး၊ ကျောင်းသား ကျောင်းသူများ အလွတ်ကျက် နှုတ်တိုက်ဖြေဆိုခြင်းမှ လွတ်မြောက်အောင် ကလေးဗဟိုပြု သင်ကြားရေးတို့ကို ထိထိရောက်ရောက် ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ မသင်မနေရ မူလတန်းပညာရေးစနစ် ဆောင်ရွက်လျက်ရှိရာ ယခုနှစ်တွင် ကျောင်းသင်ခန်းစာ ဖတ်စာစာအုပ်များ အခမဲ့ပေးနေသကဲ့သို့ နောင်နှစ်များတွင် လည်း နိုင်ငံတော်၏ ဘဏ္ဍာငွေအခြေ အနေပေါ်မူတည်၍ ကျောင်းသုံး စာရေး ကိရိယာများကိုပါ အခမဲ့ထောက်ပံ့ပေး သွားနိုင်အောင် ကြိုးစားဆောင်ရွက်လျက် ရှိကြောင်း၊ အင်္ဂလိပ်စာသည် မိခင်ဘာသာ ရပ်ပြီးလျှင် ကမ္ဘာတွင်အသုံးဝင်မှု အများ ဆုံးဘာသာရပ်ဖြစ်၍ အမှန်တကယ် တတ်မြောက်စေရန်၊ အင်္ဂလိပ်စာအခြေခံ ပီပီပြင်ပြင်ရရှိစေရန် သင်ကြားပေးကြ စေလိုကြောင်း၊ ကျောင်းများတွင် ကျောင်း သင်ခန်းစာသင်ကြားရုံသာမက စာရိတ္တ၊ ပြည်သူ့နီတိစသည့် မြန်မာ့ယဉ်ကျေးမှု ထုံးတမ်းစဉ်လာနှင့်ကိုက်ညီအောင် ပြဋ္ဌာန်း သတ်မှတ်ထားသည့် သင်ခန်းစာများကို လည်း သင်ကြားပေးရမည်ဖြစ်ကြောင်း၊ ကိုယ်ကာယရပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု အတွက်လည်း ပညာရေး၊ ကျန်းမာရေး နှင့် အားကစားတို့ကိုပါ တွဲဖက် ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

ပိုမိုအလေးပေး

နိုင်ငံတော်အနေဖြင့် ကျောင်းများ အတွက် ပံ့ပိုးထောက်ပံ့ပေးနိုင်သည်ကို ပံ့ပိုးထောက်ပံ့ပေးထားပြီးဖြစ်သော်လည်း လိုအပ်ချက်များအားလုံး ပြည့်စုံစေရေး အတွက် မိဘဆရာအသင်းများနှင့် ကျောင်းအကျိုးတော်ဆောင် အဖွဲ့များ ပူးပေါင်းဆောင်ရွက်ရန်လည်း လိုအပ် ကြောင်း၊ ရေရှည်တည်တံ့ဖွံ့ဖြိုးမှုကို ဦးတည်သည့် ပညာရေးဆိုင်ရာ လုပ်ငန်း များ (လူတိုင်းအတွက်ပညာရေးဆိုင်ရာ လုပ်ငန်းများ)ကို ချမှတ်၊ သတ်မှတ် အကောင်အထည်ဖော် ဆောင်ရွက်သွား ကြရမည်ဖြစ်ကြောင်း၊ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် ကျောင်းဝင်နှုန်း မြင့်မား လာသကဲ့သို့ မြန်မာနိုင်ငံ စာတတ်မြောက် မှုနှုန်းသည်လည်း ၂၀၁၁ခုနှစ်တွင် ၉၅ ဒသမ ၀၁ ရာခိုင်နှုန်းအထိ တိုးတက် မြင့်မားလာခဲ့ကြောင်း၊ ပညာရေးအစီ အစဉ်အားလုံးကို အကောင်အထည်ဖော် သည့်နေရာတွင် ဗဟိုချက်မသည် ဆရာ ဖြစ်ကြောင်း၊ ဗဟိုချက်မတွင်ရှိနေသည့် အတွက် ချမှတ်ထားသည့် ပညာရေးမြှင့် တင်မှု အစီအစဉ် (Education Promotion Programme) များအတိုင်း ဖြစ်ပေါ်လာအောင် စွမ်းစွမ်းတမံကြိုးစား ဆောင်ရွက်ကြပါဟု တိုက်တွန်းမှာကြား လိုကြောင်း၊ ပညာရေးဝန်ထမ်းများ အနေဖြင့် ကျရာကဏ္ဍကနေ အစိုးရအဖွဲ့ သစ်၏ အမျိုးသားရေးဆိုင်ရာ မူဝါဒများ၊ လုပ်ငန်းစဉ်များကို အထူးဂရုပြုလိုက်နာ ကြပြီး အထူးသဖြင့် ပညာရေးကဏ္ဍနှင့် ပတ်သက်သည့် မူဝါဒလုပ်ငန်းစဉ်များကို ပိုမိုအလေးပေး လိုက်နာဆောင်ရွက်ကြ စေလိုကြောင်း၊ နိုင်ငံတော်အစိုးရသစ်၏ အုပ်ချုပ်မှုစနစ်ကောင်းမွန်သော (Good Governance) အစိုးရကောင်း တစ်ရပ် ဖြစ်ပေါ်ပြီး သန့်ရှင်းသော အစိုးရ (Clean Government)ဖြစ်ရန် ဆောင်ရွက်ရာ တွင် ကောင်းမွန်ပြီး စီမံခန့်ခွဲမှုထူးခြား သည့်စံများရရှိအောင် ကျရာကဏ္ဍမှ ပါဝင်ကြိုးစား ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း၏ ၁၃-၁၂-၂၀၁၁ ရက် က ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ အမှတ်(၇)အခြေခံပညာ အထက်တန်း ကျောင်း၌ အခြေခံပညာ ဆရာ ဆရာမ များအား မှာကြားခဲ့သည့် လမ်းညွှန်ချက် များကို တိတိကျကျ လိုက်နာဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်း၊ နယ်စပ်ဒေသ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် များအလိုက် ဆောင်ရွက်နေသည့် အခြေခံ စာတတ်မြောက်ရေး လုပ်ငန်းများကို အောင်မြင်စွာအကောင်အထည်ဖော်နိုင် ရေးအတွက်လည်း အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ် ခံယူဖော်ဆောင်ပေးကြ ပါဟု တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရာထူးဝန် အဖွဲ့ အဖွဲ့ဝင် ဦးခင်မောင်အေးက ထူးချွန် ဆုရ သင်တန်းသား သင်တန်းသူများအား ဆုများချီးမြှင့်ပြီး သင်တန်းဆင်း အောင် လက်မှတ်များကို တပ်ခွဲအလိုက်ပေးအပ် ကာ သင်တန်းဆင်းဆရာ ဆရာမများ အား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေး ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

✻ *ကျော့ဖုံးမှ*

၃၃ နှစ် ကြာညောင်းသွားသည်အထိ ချစ်သက်တမ်းရှည်စွာ နှစ်ဦး အတူရှိနေခဲ့သော်လည်း သူတို့နှစ်ဦး၏ ကျန်းမာရေးချူချာလာခဲ့သဖြင့် လက်ထပ် ထိမ်းမြားဖို့အရေး ဆုံးဖြတ်ခဲ့ရသည်ဟု အဘွားအိုဗီရာက ပြောကြားသည်။

ဘော့နှင့်ဗီရာတို့သည် လက်ထပ်မင်္ဂလာပွဲကို အကျဉ်းရုံးသာ ကျင်းပ မည်ဖြစ်ပြီး ပျားရည်ဆမ်းခရီးထွက်ဖို့လည်း အစီအစဉ်မရှိကြောင်း နှစ်ဦးစလုံး ကပင် သဘောတူဆုံးဖြတ်ထားသည်။ **(အင်တာနက်)**

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုဆောင်းပါး (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုဆောင်းပါး (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုဆောင်းပါး (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂု

ဘိုးဘွားအမွေပေး လွတ်လပ်ရေး အသက်ပေးလို့ရယ် ဒို့ကာကွယ်

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကိုလိုနီနယ်ချဲ့လက်အောက်မှ လွတ်မြောက်ကာ အချုပ်အခြာအာဏာပိုင်ဆိုင်သောနိုင်ငံအဖြစ် ပြန်လည်ရပ်တည်လာနိုင်ခဲ့သည်။

ယခု ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော လွတ်လပ်ရေးနေ့မှာ (၆၄)နှစ်မြောက် အောင်ပွဲသဘင်ဖြစ်သည်။

မြန်မာနိုင်ငံသည် ဘီစီ(၃)ရာစုခန့်မှစ၍ ပိဿနိုး၊ ဟန်လင်း၊ သုဝဏ္ဏဘူမိ၊ တကောင်း၊ ဝေသာလီ၊ သရေခေတ္တရာ စသည်ဖြင့် ပဒေသရာဇ်နိုင်ငံများ ထူထောင်၍ ကိုယ့်မင်းကိုယ့်ချင်း အုပ်ချုပ်နေထိုင်ခဲ့သည့် လွတ်လပ်သောနိုင်ငံဖြစ်သည်။

ပုဂံပြည့်ရှင် အနော်ရထာမင်းက ပြန့်ကျဲနေသောဒေသများကို စုစည်းကာ ပထမမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့သည်။ တောင်ငူကိုအခြေပြု၍ ဘုရင့်နောင်မင်းတရားက အစည်းပြေနေသောဒေသများကို ပြန်လည်စုစည်းကာ ဒုတိယမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့သည်။ ရွှေဘိုကိုအခြေပြု၍ အလောင်းမင်းတရား ဦးအောင်ဇေယျ တတိယမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့သည်။

မြန်မာ့သမိုင်းစဉ်တစ်လျှောက်လုံးတွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများသည် ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းခံလျက် ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး နေထိုင်ခဲ့ကြသည်။ အေးအတူ ပူအမျှ၊ ဥမကွဲ သိုက်မပျက်၊ အပြန်အလှန် စာနာနားလည်မှု၊ ခင်မင်တွယ်တာမှုတို့ဖြင့် ချစ်ကြည်ရင်းနှီးစွာ မြန်မာနိုင်ငံအတွင်း အတူတကွ ပူးပေါင်းနေထိုင်ခဲ့ကြသည်။ မြတ်နိုးဖွယ်ရာ အစဉ်အလာများ၊ ကောင်းမြတ်သောစိတ်ထားများဖြင့် နိုင်ငံတော် အဓွန့်ရှည်တည်တံ့ခိုင်မြဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် သက်စွန့်ကြိုးပမ်း စွမ်းစွမ်းတမံ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ခဲ့ကြသည်။ မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံအဖြစ် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် ကမ္ဘာ့အလယ်တွင် တင့်တယ်ထည်ဝါစွာ ခေတ်အဆက်ဆက် ရပ်တည်နိုင်ခဲ့သည်။

မြန်မာနိုင်ငံသည် ပထဝီဝင်နိုင်ငံရေးအရ သော့ချက်ကျသော တည်နေရာအနေအထားရှိသည်။ အာရှတိုက်ကုန်းမကြီးပေါ်တွင် တည်ရှိနေပြီး ရှည်လျားသော ပင်လယ်ထွက်ပေါက်လည်း ရှိသည်။ အနောက်မြောက်နှင့် မြောက်ပိုင်းတို့တွင် ကြီးမားကျယ်ဝန်းသည့် အာရှတိုက်အတွင်းပိုင်းဒေသများနှင့် ဆက်စပ်နေသည်။ လူဦးရေ ထူထပ်ပေါများသော တရုတ်၊ အိန္ဒိယနိုင်ငံကြီးများနှင့် ဆက်စပ်နေသကဲ့သို့ အရှေ့တောင်အာရှနိုင်ငံများ၊ တောင်အာရှနိုင်ငံများ၊ အရှေ့အာရှနိုင်ငံများနှင့်လည်း နီးကပ်စွာ တည်ရှိနေသည်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးဖြစ်ထွန်းသော စိုက်ပျိုးမြေများစွာရှိပြီး စိုက်ပျိုးဖြစ်ထွန်းစေနိုင်သော မျှတသည့်ရာသီဥတုလည်း ရှိသည်။ နိုင်ငံတော်၏ မြေဧရိယာ၏တစ်ဝက်ခန့်မှာ အဖိုးတန်သစ်တောများ ဖုံးလွှမ်းလျက်ရှိသည်။ စပါးကောက်နှံပေါသကဲ့သို့ ပတ္တမြားကျောက်သံလည်း ကြွယ်ဝသည်။ အဖိုးတန်ကျွန်းသစ်၊ ရေနံနှင့် သဘာဝတွင်းထွက် များစွာရှိသည်။ ဤကြွယ်ဝမှုအနေအထားနှင့် တည်နေရာအရ သော့ချက်ကျအရေးပါမှုသည်ပင်လျှင် မြန်မာနိုင်ငံအား နယ်ချဲ့တို့ မျက်စိကျခဲ့ရခြင်းအကြောင်းရင်းဖြစ်သည်။

(၁၉) ရာစုတွင် နယ်ချဲ့ဗြိတိသျှတို့က အိန္ဒိယနိုင်ငံကို ၎င်း၏ အင်ပါယာအတွင်း သွတ်သွင်းခဲ့ပြီး ထိုမှတစ်ဆင့် မြန်မာနိုင်ငံအား ကျူးကျော်စစ်ပွဲ သုံးကြိမ်ဆင်နွှဲကာ ကိုလိုနီအဖြစ် သိမ်းပိုက်ခဲ့သည်။ နယ်ချဲ့တို့၏ ကျူးကျော်မှုကြောင့် ထီးကျိုးစည်ပေါက်ဖြစ်ကာ နိုင်ငံတော်၏အချုပ်အခြာအာဏာ လက်လွှတ်ခဲ့ရပြီး လွတ်လပ်ရေး ဆုံးရှုံးခဲ့ရသည်။ ဗြိတိသျှနယ်ချဲ့တို့သည် မြန်မာနိုင်ငံတွင် အမျိုးသားစည်းလုံးညီညွတ်မှုပြိုကွဲစေရန်အတွက်-

(က) တိုင်းရင်းသားလူမျိုးစုများ နေထိုင်ရာဒေသများကို ခွဲခြားအုပ်ချုပ်ခြင်းဖြင့် ပထဝီဝင်အနေအထားအရ သွေးကွဲမှုကို ဖြစ်ပေါ်စေခြင်း။

(ခ) တိုင်းရင်းသားလူမျိုးစုများအတွင်း အုပ်ချုပ်ရေးစနစ်အမျိုးမျိုးကို ကျင့်သုံးပြီး အခွင့်အရေးများကို ခွဲခြားသတ်မှတ်ပေးခြင်းဖြင့် လူမျိုးရေးအရ သွေးကွဲမှုကို ဖြစ်ပေါ်စေခြင်း။

(ဂ) အုပ်ချုပ်ရေးလွယ်ကူစေရန်အတွက် အလိုတော်ရိများကို လက်သပ်မွေးအသုံးချခြင်းဖြင့် လူတန်းစားသွေးကွဲမှုကို ဖြစ်ပေါ်စေခြင်းစသည့် နည်းလမ်း(၃)သွယ်ဖြင့် သွေးခွဲအုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးခဲ့သည်။

သို့ရာတွင် မြန်မာတို့၏ မူလဗီဇလက္ခဏာများဖြစ်သော ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးအတွက် စွန့်လွှတ်စွန့်စားလိုသည့် စိတ်ဓာတ်၊ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုး၊ ကိုယ့်အချုပ်အခြာအာဏာ၊ ကိုယ့်စာပေ၊ ကိုယ့်ယဉ်ကျေးမှု၊ ကိုယ့်ရိုးရာဓလေ့တို့ကို မြတ်နိုးတွယ်တာ တန်ဖိုးထားသည့်စိတ်ဓာတ်၊ ကိုယ့်အမျိုးသားရေးဂုဏ်သိက္ခာကို ထိပါးမခံလိုသည့် စိတ်ဓာတ်များကို ပိုင်ဆိုင်ကြသူများဖြစ်သည်နှင့်အညီ တိုင်းရင်းသားညီအစ်ကို မောင်နှမအပေါင်းတို့သည် အသက်၊ သွေး၊ ချွေးတို့ကို အရင်းတည်လျက် နယ်ချဲ့တို့ကို ရွပ်ရွပ်ချွံချွံ တော်လှန်တိုက်ခိုက်ခဲ့ကြသဖြင့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ရရှိခဲ့ပေသည်။

ပန်းတောင်းသန်းကြွယ်

နိုင်ငံတစ်နိုင်ငံ၏ အသက်သွေးကြောသည် အချုပ်အခြာအာဏာပင်ဖြစ်သည်။ အချုပ်အခြာအာဏာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာ သုံးရပ်သည် အခြားတိုင်းတစ်ပါးသားများနှင့် အခြားနိုင်ငံလက်ထဲသို့ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရောက်ရှိနေပြီဆိုပါက ထိုနိုင်ငံသည် လက်သစ်ကိုလိုနီနယ်ချဲ့ဝါဒအရ သွယ်ဝိုက်သောနည်းဖြင့် ကျွန်ပြုခံနေရခြင်းပင် ဖြစ်သည်။

မျက်မှောက်ကာလမှာ သူ့အလိုအလျောက် မကွဲလျှင်ပင် တမင်ဝင်၍ သပ်လျှိုဖြိုခွဲသော ခေတ်ဖြစ်သည်။ ခွဲ၍မရလျှင် စစ်အင်အားသုံး၍ ခြိမ်းခြောက်ရန်ဝန်မလေးသော ခေတ်ကြီးဖြစ်သည်။ နိုင်ငံတစ်ခု၏ အချုပ်အခြာအာဏာဆိုသည်ကို ဟင်းရွက်ကန်စွန်းလောက်ပင် အရေးမထားဘဲ အင်အားကိုသာ အမှန်တရားအဖြစ် ကိုးကွယ်ဆည်းကပ်နေကြသည်။

အချို့နိုင်ငံများမှာ မခေါ်မပင့်ဘဲ အဓမ္မဝင်ရောက်သော တိုင်းတစ်ပါးသားများ၏ ကျူးကျော်သိမ်းပိုက်ထားမှုအောက်တွင် ရောက်ရှိနေပြီး လုံခြုံရေးလည်း မတည်ဆောက်နိုင်၊ နိုင်ငံထူထောင်ရေးလည်း မဆောင်ရွက်နိုင် ဖြစ်နေကြရသည်။ ကိုယ့်မြေကိုယ့်အိမ်မှာ နေထိုင်ရင်း တိုင်းတစ်ပါးသားတို့၏ ထင်သလို ပြုမူစော်ကားဗိုလ်ကျမှုကို ခံနေရသည်။ ထင်သလိုဗုံးကြဲခြင်း၊ ပစ်ခတ်ခြင်းတို့ကြောင့် ဒေသခံပြည်သူထောင်ပေါင်းများစွာသည် အဓိပ္ပာယ်မဲ့စွာ အသက်ဆုံးပါးနေကြသည်။ သင်ခန်းစာယူဖွယ်ကောင်းလှသည်။

အင်အားနိုင်ငံရေးခေတ်ကြီးတွင် ကိုယ်ပိုင်အင်အားရှိမှသာ ကိုယ့်နိုင်ငံလွတ်လပ်ရေးကို ကိုယ်တိုင်ကာကွယ်နိုင်မည်ဖြစ်သည်။ တိုင်းချစ်ပြည်ချစ်စိတ်၊ မျိုးချစ်စိတ်နှင့် ညီညွတ်မှုတို့သည်သာ ကိုယ်ပိုင်အင်အားကို တည်ဆောက်နိုင်စေမည်ဖြစ်သည်။ ညီညွတ်ခြင်းသည် ကမ္ဘာ့နိုင်ငံများနှင့် ခေတ်မီစွာ ရင်ပေါင်တန်းနိုင်မည့် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတည်ဆောက်ရေးအတွက် အဓိကကျသော မောင်းနှင်အားကြီးပင် ဖြစ်သည်။

သမိုင်းပေးသင်ခန်းစာများကို လက်တွေ့ဘဝတွင် အံဝင်ခွင်ကျဖြစ်အောင် အသုံးချနိုင်ခြင်းသည် အောင်မြင်မှုပန်းတိုင်သို့ မလွဲမသွေ ရောက်ရှိမည်ဖြစ်သည်။ ထို့ကြောင့်ပင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းတက်ရောက်လာသော နိုင်ငံတော်အစိုးရသစ်သည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး၏စွမ်းအားဖြင့် စုစည်းထိန်းသိမ်းကာကွယ်ရေး၊ ပြည်ထောင်စုကြီးအတွင်း၌ တိုင်းရင်းသားများအားလုံး ဥမကွဲသိုက်မပျက် ရာသက်ပန်လုံး အတူတကွ ပူးပေါင်းနေထိုင်ရေးတို့ကို အထူးဦးစားပေးဆောင်ရွက်ခဲ့သည်။

★ ယနေ့မြန်မာနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်သော ခေတ်မီဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရေးလမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိနေပြီဖြစ်။

★ အခြေခံအဆောက်အအုံများ အတန်အသင့် ပြည့်စုံနေသည့် ရေခံမြေခံကောင်းမွန်သည့်ကာလတစ်ခုကို ပိုင်ဆိုင်နေပြီဖြစ်။

★ ပြည်တွင်းငြိမ်းချမ်းမှု အပြည့်အဝရရှိခြင်း၊ တိုင်းရင်းသားများအားလုံး စိတ်တူကိုယ်တူဖြင့် အမျိုးသားရေးတာဝန်များကို ကျေပွန်စွာထမ်းရွက်ခြင်းတို့သာ အဓိကလိုအပ်ချက်ဖြစ်။

★ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် မျက်မှောက်ကာလသည် အကောင်းဆုံးအချိန်ပင်ဖြစ်။

အစိုးရအဆက်ဆက်က လက်ခံကျ
“ပြည့်အင်အားသည် ပြည်တွင်း၌သာ တ
ယုံကြည်၍ ပြည်ထောင်စုဖွား တိုင်းရင်း
အင်အား စုစည်းကျစ်လျစ်ခိုင်မာရေးကို
အစီအမံများချမှတ်၍ ဆောင်ရွက်နေပြီးဖြ
ဆန္ဒကို ဖြည့်ဆည်းသောအားဖြင့် ရောဝတီ
စီမံကိန်းကြီးကိုလည်း ရပ်နားစေခဲ့ပြီးဖြစ်
တောတွင်း လက်နက်ကိုင် အဖွဲ့အစ
ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ စဉ်ဆက်မပြ
သေနတ်သံများ ဆိတ်သုဉ်း၍ ငြိမ်းချမ်းရေး
လာအောင် ကြိုးပမ်းနေပြီဖြစ်သည်။ တိုင်
စုစည်းပါဝင်သည့် နိုင်ငံတော်ကာကွယ်ရေးအ
အောင် ဆောင်ရွက်နေပြီးဖြစ်သည်။
ထို့အတူပင် “မတူတာတွေကို ဘေးမှာ
ရွေးကာချယ်”သည့် ပျော့ပျောင်းညင်သာသ
အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ထာဝ
အတွက် အစွမ်းကုန် အားထုတ်ကြိုးပမ်း
တို့၏ လူမှုစီးပွားဘဝ တောင့်တင်းခိုင်မ
တိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကို
ဖြစ်ရာ ဆင်းရဲနွမ်းပါးမှုလျှော့နည်းကျဆင်း
ခိုင်မာကောင်းမွန်သန့်ရှင်းအောင် အင်
ဆောင်ရွက်နေပြီဖြစ်သည်။
ဝင်ငွေနှင့် ကုန်ဈေးနှုန်း မမျှမတဖြ
ကျပ်တည်းနေသော အစိုးရဝန်ထမ်းပင်
လစာကို မျှတစွာ တိုးမြှင့်ပေးခြင်းဖြင့် ယင်
သာယာမှုကိုလည်း ဖန်တီးပေးခဲ့ပြီးဖြစ်သ
ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက
တိုင်း ပါဝင်နိုင်ရေးနှင့် လူသားချင်းစာနာ
ရေးတို့အတွက်လည်း အကျဉ်းသားများအာ
လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းများကို ပြုလု
လည်း လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းများကို
မည်ဖြစ်သည်။
ထို့အတူပင် ကုန်စည်ကူးသန်းရေ
သွက်လက်စွာ ဖြစ်ထွန်းအောင်မြင်ရေး၊ ပြ
အနီးများ ရင်းနှီးမြှုပ်နှံနိုင်ရေး၊ လက်မှုလယ်
သို့ စနစ်တကျ ကူးပြောင်းရောက်ရှိရေး၊
ကြီးများ ပေါ်ထွန်းလာရေး၊ ဆက်သွယ်ရေ
မြန်ဆန်စွာ ဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းပန်း
ချောမွေ့စေရေး၊ ကုန်းလမ်းနှင့် ရေကြော
ပို့ဆောင်ရေးလုပ်ငန်းများ နိုင်ငံတကာအ
လာရေး၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ ရှ
လျှပ်စစ်စွမ်းအင်များ ပြည့်ပြည့်ဝဝ ထုတ်ယူ
တို့၏ ကျန်းမာရေးအဆင့်အတန်းမြင့်တ
ပညာရေးအဆင့်အတန်းနှင့်အညီ လူငယ်
ရေးနှင့် ပညာရည်မြင့်မားရေး စသည်တို့ကို
အဖွဲ့အစည်းများ၊ ပုဂ္ဂလိကများ၊ နိုင်ငံတက
တို့ဖြင့် ပူးပေါင်း၍ ဖွံ့ဖြိုးတိုးတက်အောင်
နေပြီဖြစ်သည်။ အလားတူပင် မီးခိုးမထွ
တင်စားခေါ်ဝေါ်ကြသည့် မြန်မာ့ခရီးသွ
လည်း ခေတ်မီဖွံ့ဖြိုးအောင် တိုးချဲ့ဆောင်ရွ
ခရီးသွားဧည့်သည်များ တစ်နှစ်ထက်တ
သွားလာနေပြီဖြစ်သည်။
ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ေ
တိတိကျကျ လိုက်နာဆောင်ရွက်သည့်
ထင်သာမြင်သာသော ဒီမိုကရေစီနိုင်ငံတော်
လုပ်ငန်းစဉ်များကြောင့် ကမ္ဘာ့နိုင်ငံကြီးငယ်
ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံနိုင်ခြင်း၊ အကျိုး
ဆောင်ရွက်နိုင်ခြင်း၊ ပြည်ပအရင်းအနှီးမျ
လာခြင်း၊ မိတ်ဆွေစီးပွားဖက်နိုင်ငံများ
နိုင်ငံတော်၏ ဂုဏ်သိက္ခာမြင့်မားလာခြင်း
များကို တိုးတက်ရရှိနေပြီဖြစ်သည်။
ခြုံ၍ဆိုရသော် ယနေ့မြန်မာနိုင်ငံသည်
ခေတ်မီဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆေ
မှန်ပေါ်သို့ ရောက်ရှိနေပြီဖြစ်သည်။ အခြေ
အတန်အသင့် ပြည့်စုံနေသည့် ရေခံမြေခံေ
တစ်ခုကို ပိုင်ဆိုင်နေပြီဖြစ်သည်။ ပြည်တွ
အဝရရှိခြင်း၊ တိုင်းရင်းသားများအားလုံး
အမျိုးသားရေးတာဝန်များကို ကျေပွန်စွာထမ်း
လိုအပ်ချက်ဖြစ်တော့သည်။ နိုင်ငံတော် ဖွံ့ဖြ
မျက်မှောက်ကာလသည် အကောင်းဆုံးအချိန်

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုဆောင်းပါး

အစိုးရအဆက်ဆက်က လက်ခံကျင့်သုံးခဲ့သည့် မူအတိုင်း "ပြည့်အင်အားသည် ပြည်တွင်း၌သာ တည်ရှိသည်"ကို လက်ခံယုံကြည်၍ ပြည်ထောင်စုဖွား တိုင်းရင်းသားတို့၏ ပြည်တွင်းအင်အား စုစည်းကျစ်လျစ်ခိုင်မာရေးကို တည်ဆောက်နိုင်ရန် အစီအမံများချမှတ်၍ ဆောင်ရွက်နေပြီးဖြစ်သည်။ ပြည်သူတို့၏ ဆန္ဒကို ဖြည့်ဆည်းသောအားဖြင့် ဧရာဝတီမြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းကြီးကိုလည်း ရပ်နားစေခဲ့ပြီးဖြစ်သည်။

တောတွင်း လက်နက်ကိုင် အဖွဲ့အစည်းများနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲများ စဉ်ဆက်မပြတ်ပြုလုပ်ကာ ဗုံးသံ၊ သေနတ်သံများ ဆိတ်သုဉ်း၍ ငြိမ်းချမ်းရေးတေးသံများ လွှင့်ပျံ့ဝေစီလာအောင် ကြိုးပမ်းနေပြီဖြစ်သည်။ တိုင်းရင်းသားများအားလုံး စုစည်းပါဝင်သည့် နိုင်ငံတော်ကာကွယ်ရေးအင်အားစုကြီး ဖြစ်မြောက်အောင် ဆောင်ရွက်နေပြီးဖြစ်သည်။

ထို့အတူပင် "မတူတာတွေကို ဘေးမှာဖယ်၍ တူတာတွေကို ရွေးကာချယ်"သည့် ပျော့ပျောင်းညင်သာသည့် သဘောထားဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ထာဝရငြိမ်းချမ်းမှုရရှိရေးတို့အတွက် အစွမ်းကုန် အားထုတ်ကြိုးပမ်းလျက်ရှိသည်။ ပြည်သူတို့၏ လူမှုစီးပွားဘဝ တောင့်တင်းခိုင်မာမှသာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်နိုင်မည်ဖြစ်ရာ ဆင်းရဲနွမ်းပါးမှုလျှော့နည်းကျဆင်းစေပြီး အုပ်ချုပ်မှုမဏ္ဍိုင် ခိုင်မာကောင်းမွန်သန့်ရှင်းအောင် အင်တိုက်အားတိုက် စီမံဆောင်ရွက်နေပြီဖြစ်သည်။

ဝင်ငွေနှင့် ကုန်ဈေးနှုန်း မမျှမတဖြစ်ပြီး စားဝတ်နေရေး ကျပ်တည်းနေသော အစိုးရဝန်ထမ်းပင်စင်စားများ၏ ပင်စင်လစာကို မျှတစွာ တိုးမြှင့်ပေးခြင်းဖြင့် ယင်းတို့၏ဘဝများ ဝပြောသာယာမှုကိုလည်း ဖန်တီးပေးခဲ့ပြီးဖြစ်သည်။

ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရာတွင် တိုင်းရင်းသားတိုင်း ပါဝင်နိုင်ရေးနှင့် လူသားချင်းစာနာထောက်ထားမှု ပေါ်လွင်ရေးတို့အတွက်လည်း အကျဉ်းသားများအား ပြစ်ဒဏ်လျှော့ပေါ့၍ လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းများကို ပြုလုပ်ပေးခဲ့သည်။ ထပ်မံ၍လည်း လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းများကို စိစစ်လုပ်ဆောင်သွားမည်ဖြစ်သည်။

ထို့အတူပင် ကုန်စည်ကူးသန်းရောင်းဝယ်မှု လျင်မြန်သွက်လက်စွာ ဖြစ်ထွန်းအောင်မြင်ရေး၊ ပြည်တွင်းပြည်ပ အရင်းအနှီးများ ရင်းနှီးမြှုပ်နှံနိုင်ရေး၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ စနစ်တကျ ကူးပြောင်းရောက်ရှိရေး၊ ခေတ်မီစက်မှုလုပ်ငန်းကြီးများ ပေါ်ထွန်းလာရေး၊ ဆက်သွယ်ရေးလုပ်ငန်းများ ခေတ်မီမြန်ဆန်စွာ ဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေး၊ ကုန်းလမ်းနှင့် ရေကြောင်း၊ လေကြောင်း ပို့ဆောင်ရေးလုပ်ငန်းများ နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်လာရေး၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ ရှင်သန်ကြီးထွားစေရေး၊ လျှပ်စစ်စွမ်းအင်များ ပြည့်ပြည့်ဝဝ ထုတ်ယူအသုံးချနိုင်ရေး၊ ပြည်သူတို့၏ ကျန်းမာရေးအဆင့်အတန်းမြှင့်တင်ရေး၊ နိုင်ငံတကာ ပညာရေးအဆင့်အတန်းနှင့်အညီ လူငယ်များ ပညာသင်ကြားနိုင်ရေးနှင့် ပညာရည်မြင့်မားရေး စသည်တို့ကိုလည်း ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကများ၊ နိုင်ငံတကာအဖွဲ့အစည်းများစွာတို့ဖြင့် ပူးပေါင်း၍ ဖွံ့ဖြိုးတိုးတက်အောင် အားသွန်ဆောင်ရွက်နေပြီဖြစ်သည်။ အလားတူပင် မီးခိုးမထွက်သော အလုပ်ရုံဟု တင်စားခေါ်ဝေါ်ကြသည့် မြန်မာ့ခရီးသွားလာရေးလုပ်ငန်းကိုလည်း ခေတ်မီဖွံ့ဖြိုးအောင် တိုးချဲ့ဆောင်ရွက်လျက်ရှိရာ နိုင်ငံခြားခရီးသွားဧည့်သည်များ တစ်နှစ်ထက်တစ်နှစ် ပိုမိုဝင်ရောက်သွားလာနေပြီဖြစ်သည်။

ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ချက်ကို တိတိကျကျ လိုက်နာဆောင်ရွက်သည့် နိုင်ငံခြားရေးမူဝါဒနှင့် ထင်သာမြင်သာသော ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရေး လုပ်ငန်းစဉ်များကြောင့် ကမ္ဘာ့နိုင်ငံကြီးငယ်များနှင့် တန်းတူရည်တူ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံနိုင်ခြင်း၊ အကျိုးတူကိစ္စများကို ပူးပေါင်းဆောင်ရွက်နိုင်ခြင်း၊ ပြည်ပအရင်းအနှီးများ တိုးတက်များပြားလာခြင်း၊ မိတ်ဆွေစီးပွားဖက်နိုင်ငံများ ပိုမိုများပြားလာခြင်း၊ နိုင်ငံတော်၏ ဂုဏ်သိက္ခာမြင့်မားလာခြင်း စသည့် အခွင့်အလမ်းများကို တိုးတက်ရရှိနေပြီဖြစ်သည်။

ခြုံ၍ဆိုရသော် ယနေ့မြန်မာနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်သော ခေတ်မီဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးလမ်းကြောင်း မှန်ပေါ်သို့ ရောက်ရှိနေပြီဖြစ်သည်။ အခြေခံအဆောက်အအုံများ အတန်အသင့် ပြည့်စုံနေသည့် ရေခံမြေခံကောင်းမွန်သည့် ကာလတစ်ခုကို ပိုင်ဆိုင်နေပြီဖြစ်သည်။ ပြည်တွင်းငြိမ်းချမ်းမှု အပြည့်အဝရရှိခြင်း၊ တိုင်းရင်းသားများအားလုံး စိတ်တူကိုယ်တူဖြင့် အမျိုးသားရေးတာဝန်များကို ကျေပွန်စွာထမ်းရွက်ခြင်းတို့သာ အဓိကလိုအပ်ချက်ဖြစ်တော့သည်။ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရန်အတွက် မျက်မှောက်ကာလသည် အကောင်းဆုံးအချိန်ပင်ဖြစ်သည်။

၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်

- ☆ ပြည်ထောင်စု တိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဥမကွဲသိုက်မပျက် အတူတကွ ရာသက်ပန် ပူးပေါင်းနေထိုင်ရေး၊
- ☆ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး မျက်ခြည်မပြတ် စုစည်းထိန်းသိမ်းကာကွယ်ရေး၊
- ☆ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်ရာ၌ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲမှုနှုန်းလျှော့နည်းကျဆင်းရေး၊ အုပ်ချုပ်မှုမဏ္ဍိုင် ခိုင်မာကောင်းမွန်သန့်ရှင်းရေးတို့အတွက် အားလုံးက မဆုတ်မနစ် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး၊
- ☆ မှန်ကန်သော ဒီမိုကရေစီကျင့်စဉ်များ ကျယ်ပြန့်စွာထွန်းကားရေး၊ တရားဥပဒေစိုးမိုးမှု ပိုမိုခိုင်မာရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ထာဝရငြိမ်းချမ်းမှု ရရှိရေးတို့အတွက် တိုင်းရင်းသားအားလုံးက အသိနှင့်ယှဉ်၍ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၃ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက် (ဥပုသ်နေ့)
၁-၁-၂၀၁၂ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ သတ္တဌာန (ရတနာဦး၊ တေးရေး-ဒဂုန်ဆရာတင်)
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈:၀၀ ၇။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
- ၈:၁၅ ၈။ အကပြိုင်ပွဲ
- ၈:၂၅ ၉။ တေးဂီတအစီအစဉ်
- ၈:၃၅ ၁၀။ International News
- ၈:၄၅ ၁၁။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာပွားများခြင်း တရားတော်

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁:၃၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရဲစုံထောက်ဘတ်ဂျောင်ဝွန်း** (အပိုင်း-၃၇)
- ၁၂:၂၀ ၅။ မြန်မာရုပ်ရှင် **တိုက်ပွဲခေါ်သံ** သီဟတင်စိုး၊ ညွှန့်ဝင်း၊ ဇော်လင်း၊ မင်းဦး၊ ဇင်မာဦး၊ ဆွေဇင်ထိုက် (ဒါရိုက်တာ-မောင်တင်ဦး)
- ၁၄:၂၀ ၆။ (၆၄)နှစ်မြောက်လွတ်လပ်ရေးနေ့ဂုဏ်ပြုအစီအစဉ်
- ၁၄:၃၀ ၇။ ပြည်တွင်းထုတ်ကုန်မှံရွာ ချည်မျှင်အထည်နှင့် အချောကိုင်စက်ရုံ
- ၁၄:၄၀ ၈။ အတီးပြိုင်ပွဲ
- ၁၄:၅၅ ၉။ International News

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၀၅ ၂။ တေးဂီတအစီအစဉ်
- ၄:၁၅ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၄:၂၀ ၄။ **လောကရဲ့အလှရတနာ**
- ၄:၃၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (မြန်မာစာအထူးပြု) (မြန်မာစာ)
- ၄:၅၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၅၅ ၇။ ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်သံစုံတီးဝိုင်းဖျော်ဖြေတင်ဆက်မှုအစီအစဉ်
- ၅:၀၀ ၈။ (၆၄)နှစ်မြောက်လွတ်လပ်ရေးနေ့ဂုဏ်ပြုအစီအစဉ်
- ၅:၁၀ ၉။ ဆိုကြမယ်၊ပျော်ကြမယ်
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၂။ ကာတွန်းအစီအစဉ် **ရေငုပ်သမားလေးအိုလီ** (အပိုင်း-၂၅)
- ၆:၄၀ ၁၃။ တစ်မျက်နှာတစ်ကွက်စာ **အရိပ်အကဲ** သားညီ၊ ဇရာ၊ လင်းဇာနည်ဇော် ဒါရိုက်တာ-မေတင် **(MMG)**
- ၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်ချိုချို အကြင်နာပို** (အပိုင်း-၂)
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **သမိုင်းမော်ကွန်း ထွန်းသစ်ဝေစည်မြန်မာပြည်** (သမိုင်းတစ်ကွေ့နိုင်ငံရေး တစ်ဆစ်ချိုးတိုးတက်မှုအမြင်ပုံရိပ်သွင်များ)
- ၁၉။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (ဒုတိယတွဲ)(အပိုင်း-၇၉)
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ ကြယ်ပွင့်လေးရဲ့ဒဏ္ဍာရီ (အပိုင်း-၂)

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုကဗျာ

မြန်မာ့လွတ်လပ်ရေး

❑ လွတ်လပ်ရေးတဲ့ လွတ်လပ်ရေး
မြန်မာ့လွတ်လပ်ရေး။

❑ အသက်သွေးချွေး အရင်းတည်
ရယူခဲ့ကြသည်။

❑ အားမာန်ဝင့်ချီ သင်းပျံ့မွှေး
ရဲစိတ် ရဲမာန်သွေး။

❑ မေတ္တာချစ်တေး ပျံ့ပျံ့ဝေ
အေးချမ်းဒို့ရပ်မြေ။

❑ ဒို့များတစ်တွေ ချစ်မြတ်နိုး
ရင်မှာကမ္ပည်းထိုး။

❑ ဘယ်ခါမညှိုး အမြဲတေ
ဘိုးဘွားတို့အမွေ။

❑ အမြဲတစေ လင်းလက်ဖို့
ကာကွယ်စောင့်ရှောက်စို့။ ။

(သောင်းကိုကို)

အချင်းချင်း မညီညွတ်မှု၊ ဆူပူအုံကြွမှု၊ ဖောက်ခွဲဖျက်ဆီးမှု၊ လုပ်ကြံသတ်ဖြတ်မှု ပဋိပက္ခများဖြင့်ကား ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို တည်ဆောက်နိုင်မည်မဟုတ်ပေ။ ပြည်ထောင်စုစိတ်ဓာတ်ရှိမှု၊ စည်းလုံးညီညွတ်မှု၊ မျိုးချစ်စိတ်ဓာတ် ထက်သန်မှု၊ ကိုယ်ကျိုးစွန့်လွှတ် အနစ်နာခံမှု၊ ခြိုးခြံချွေတာ စုဆောင်းတတ်မှု၊ အလုပ်ကြိုးစားမှု၊ စည်းကမ်းရှိမှု၊ ဥပဒေကို လေးစားလိုက်နာမှုတို့ဖြင့်သာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို တည်ဆောက်နိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူအပေါင်းတို့သည် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရေးတို့တွင် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် အားသွန်ခွန်စိုက် ပူးပေါင်းဆောင်ရွက်သင့်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြု တပ်ကုန်းမြို့နှင့် ပျဉ်းမနားမြို့တို့၌ ကတ္တရာလမ်းသစ်ဖွင့်ပွဲများကျင်းပ

တက်ရောက်အားပေး — **သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော် ပျဉ်းမနားမြို့ ယုဇနလမ်းနှင့် ရွှေချီလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲသို့ တက်ရောက်အားပေးစဉ်။**

(သတင်းစဉ်)

နေပြည်တော် ဒီဇင်ဘာ ၃၁

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် နေပြည်တော်တပ်ကုန်းမြို့နှင့် ပျဉ်းမနားမြို့တို့၌ လမ်းသစ်ဖွင့်ပွဲများ ကျင်းပခဲ့သည်။

တက်ရောက်

တပ်ကုန်းမြို့ နောင်သခ်ီလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲနှင့် ပြည်တော်အေးလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲများကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်၊ တပ်ကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ကော်မတီဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြပြီး ကတ္တရာလမ်းသစ်များကို ဖြတ်သန်းကြည့်ရှုကြသည်။

နောင်သခ်ီလမ်းသည် လမ်းအကျယ် ၁၂ ပေနှင့် အရှည် ၂၉၆၁ ပေ ရှိပြီး ပြည်တော်အေးလမ်းသည် အရှည် ၂၉၂၆ ပေရှိကြောင်း သိရှိရသည်။

အလားတူ ပျဉ်းမနားမြို့ ယုဇနလမ်းနှင့် ရွှေချီလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကိုလည်း နံနက် ၁၁ နာရီတွင် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင် ဦးမျိုးအောင်၊ ပျဉ်းမနားမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမှတ်ကြီးတို့ တက်ရောက်ကြသည်။

ယုဇနလမ်းနှင့် ရွှေချီလမ်းသည် အကျယ် ၁၂ ပေ၊ အရှည်ပေ ၇၃၀၀ ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

မင်းဘူးခရိုင်အတွင်းရှိ ဆည်ရေလှောင်တမံများ
ဒုတိယဝန်ကြီး ဦးခင်ဇော် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၃၁

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်သည် ဒီဇင်ဘာ ၂၃ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ်ရှိ စလင်းရေလှောင်တမံသို့ ရောက်ရှိပြီး ဆည်အတွင်းရေဝင်ရောက်မှု၊ စီးဝင်ရေများကို ထိန်းသိမ်းထားပြီး စိုက်ပျိုးရေပေးဝေမှု အခြေအနေ၊ ပင်မတမံ၊ ရေထိန်းမျှော်စင်၊ ပင်မတူးမြောင်း၊ ရေပိုလွှဲ၊ အောက်တိုဘာလအတွင်းတိုက်ခတ်သွားသော မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသော ရေပိုလွှဲအောက်ပိုင်းနေရာတို့ကို ရောက်ရှိကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးက လာမည့်မိုးရာသီတွင် စံချိန်စံညွှန်းပြည့်မီစွာ ပြုပြင်ပြီးစီးရေးအတွက် နေ့ညမပြတ်လုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ရေး၊ လုပ်ငန်းသုံးပစ္စည်းများ အလေအလွင့်မရှိစေရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးတို့ကို အထူးအလေးထားဆောင်ရွက်သွားကြရန် မှာကြားသည်။

စလင်းရေလှောင်တမံမှာ မင်းဘူးခရိုင် စလင်းမြို့နယ် ရွှေတွင်းတူးကျေးရွာအနီး စလင်းချောင်းပေါ်၌ တမံအလျားပေ ၂၇၇၀နှင့် အမြင့်ပေ ၂၂၀ရှိ မြေသားတမံအမျိုးအစားဖြစ်ပြီး ရေပမာဏ ဧကပေ ၁၃၃၀၀၀ သိုလှောင်နိုင်ကာ စိုက်ပျိုးရေပေးဝေနိုင်ရန် တည်ဆောက်ထားခြင်းဖြစ်သည်။

မှာကြား

ထို့နောက် ညနေ ၃ နာရီတွင် လင်းဇင်းရေလွှဲဆည်သို့ ရောက်ရှိပြီး အရှည် ရှစ်မိုင်ရှိ လက်ယာမြောင်းမကြီးကို ကြည့်ရှုစစ်ဆေး၍ ဒုတိယဝန်ကြီးက ပျက်စီးနေသော နေရာများကို နွေစပါးရာသီအမီ စိုက်ပျိုးရေပေးဝေနိုင်ရန် အမြန်ပြုပြင်ရေး မှာကြားသည်။

လင်းဇင်းရေလွှဲဆည်ကို မင်းဘူးခရိုင် စလင်းမြို့နယ် လင်းဇင်းရွာအနီး စလင်းချောင်းပေါ်၌ ၁၉၃၄ ခုနှစ်ကတည်းက တည်ဆောက်ပြီးစီးခဲ့ပြီး စိုက်ပျိုးမြေဧရိယာ ၃၄၃၃၂မုံရွာတက္ကသိုလ်နှင့် ဧကစိုက်ပျိုးရေ ပေးဝေလျက်ရှိသည်။

ကြည့်ရှုစစ်ဆေး

ဒုတိယဝန်ကြီးသည် ဒီဇင်ဘာ၂၄ ရက် နံနက်ပိုင်းတွင် မကွေးခရိုင် နတ်မောက်မြို့နယ် ဂွေးထောက်ကုန်းကျေးရွာအနီး နတ်မောက်ရေလှောင်တမံ၏ လက်ယာတူးမြောင်းမကြီး**(အပေါ်ပုံ)**သို့ ရောက်ရှိစစ်ဆေးပြီး တူးမြောင်းမကြီးအား ပြုပြင်ထိန်းသိမ်းထားရှိမှုနှင့် နွေစပါးရာသီချိန်မီ စိုက်ပျိုးရေပေးဝေနိုင်ရန် ပြုပြင်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မုံရွာတက္ကသိုလ်မှ ကထိက ဒေါက်တာ မောင်မောင်အေးက ဇီဝဗေဒဘာသာရပ်ကို သင်ကြားပို့ချ ဟောပြောစဉ်။

တာချီလိတ်မြို့နယ်၌ ကတ္တရာလမ်းများဖွင့်

တာချီလိတ် ဒီဇင်ဘာ ၃၁

(၆၄)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တာချီလိတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော တာချီလိတ်မြို့ဝမ်ကောင်းရပ်ကွက် ရတနာလမ်းသွယ် ၈၊ ၉၊ ၁၀နှင့် ၁၁ ကတ္တရာလမ်းသစ်များဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၉ နာရီက အဆိုပါလမ်းများ၏မုခ်ဦး၌ကျင်းပရာ ရှေးဦးစွာ မြို့နယ် အုပ်ချုပ်ရေးမှူးဦးရဲထူးက အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကိုကိုက လမ်းသစ်များနှင့်သက်ဆိုင်သော အချက်အလက်များကို ရှင်းလင်းတင်ပြကာ လမ်းသစ်ဖွင့်ပွဲအထိမ်းအမှတ်အလံများအား တာဝန်ရှိသူများထံပေးအပ်သည်။

ထို့နောက် ရှမ်းပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးတူးမောင်၊ တာချီလိတ်ခရိုင် အုပ်ချုပ်ရေးမှူးဦးသက်လွင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကိုကိုတို့က လမ်းသစ်များကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဖောက်လုပ်ခဲ့

အဆိုပါ ကတ္တရာလမ်းသစ်များမှာ တစ်လမ်းလျှင် အလျားပေ ၈၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခုနစ်လက်မစီရှိကာ ငွေကျပ်သိန်း ၈၀ အကုန်အကျခံ ဖောက်လုပ်ခဲ့ကြောင်း သိရှိရသည်။ (ဝ၆ဝ)

စာအုပ် စာပေ လူ့မိတ်ဆွေ

တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး
ယင်းမာပင်၌ ဟောပြောပွဲကျင်းပ

ယင်းမာပင် ဒီဇင်ဘာ ၃၁

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ယင်းမာပင်မြို့၌ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေး အထောက်အကူပြုဟောပြောပွဲကို ဒီဇင်ဘာ ၁၈ ရက် နံနက် ၉ နာရီက မြို့နယ်ပြည်သူ့ခန်းမနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သာယာအေးခန်းမတို့တွင် ကျင်းပသည်။

ဟောပြောပွဲတွင် မုံရွာတက္ကသိုလ်နှင့် မုံရွာစီးပွားရေးတက္ကသိုလ်တို့မှ ကထိက၊ လက်ထောက်ကထိကဆရာ ဆရာမများက အခြေခံပညာအထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများအား ဝိဇ္ဇာနှင့်သိပ္ပံဘာသာရပ်များကို သင်ကြားပို့ချဟောပြောခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပညာရည်ချွန်ဆုပေးပွဲ ရွှေကူ၌ကျင်းပ

ရွှေကူ ဒီဇင်ဘာ ၃၁

ရွှေကူမြို့နယ် နောင်မိုကျေးရွာအုပ်စု နောင်မိုကျေးရွာမူလတန်းကျောင်း၏ ၂၀၁၀-၂၀၁၁ ခုနှစ် ပညာသင်နှစ်တွင် အတန်းလိုက် ထူးချွန်စွာအောင်မြင်သော ဆုရကျောင်းသား ကျောင်းသူများအား ဆုပေးပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၆ ရက်က ကျင်းပသည်။

ဆုပေးပွဲအခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီ၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်စိုးနိုင်၊ လက်ထောက်ပညာရေးမှူး ဦးညွန့်ကြည်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာရပ်မိရပ်ဖများနှင့် ကျောင်းသားမိဘများ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ (ဝ၇၃)

ပုံကျစျေးသည်များအား ချေးငွေများ ထုတ်ချေး

တန့်ယန်း ဒီဇင်ဘာ ၃၁

တန့်ယန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆင်းရဲမှုလျှော့နည်းရေး အစီအစဉ်အရ နယ်စပ်ရေးရာဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာနနှင့် စည်ပင်သာယာရေးဘဏ်လီမိတက်တို့၏ စီမံမှုဖြင့် ချေးငွေကျပ် ၂၃ သိန်းကို အဖွဲ့ပိုင်စျေးရှိ ပုံကျစျေးသည် ၅၀ သို့ ချေးငွေထုတ်ပေးခြင်းအခမ်းအနားကို ဒီဇင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီက မြို့နယ်စည်ပင်အမှုဆောင်အရာရှိရုံးခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် အသေးစားငွေကြေးဝန်ဆောင်မှုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်မောင်စိုးက စည်ပင်သာယာရေးဘဏ်မှ ချေးယူခဲ့သော ချေးငွေများကို ပုံကျစျေးသည်တစ်ဦးချင်းစီသို့ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(မြို့နယ်စည်ပင်)**

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် ဒီဇင်ဘာ ၃၁

လမိုင်းမြို့၌ ပွင့်သစ်စ စာကြည့်တိုက်ဖွင့်

မွန်ပြည်နယ် လမိုင်းမြို့နယ်ခွဲ နှစ်ကရင်ကျေးရွာအုပ်စု ဘူတာကုန်းကျေးရွာ၌ ပွင့်သစ်စစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် တီဗွီ၊ ဒီဗွီဒီစက်နှင့် စာအုပ် စာစောင်များ လှူဒါန်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၄ ရက် နံနက် ၉ နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ခွဲ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်တင်ဇာစိုး၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်၊ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးစံသွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်၊ ဒေါ်လှလှသိန်းတို့က ၁၄ လက်မရောင်စုံတီဗွီကိုလည်းကောင်း၊ စာကြည့်တိုက်ကော်မတီဝင် ဦးခင်ဝင်းက ဒီဗွီဒီစက်ကိုလည်းကောင်း၊ အလှူရှင်များက စာအုပ်စာစောင်နှင့် အလှူငွေကျပ် ၃၅၀၀၀ ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဝင်များက လက်ခံယူကြသည်။

အဆိုပါ စာကြည့်တိုက်သည် နိုင်ငံတော်မတည်ငွေနှင့် ကျေးရွာပြည်သူများ၊ စေတနာအလှူရှင်များ စုပေါင်းထည့်ဝင်ငွေကျပ် နှစ်ဆယ့်လေးသိန်းနှစ်သောင်း အကုန်အကျခံဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်းသိရှိရသည်။ ***(မြို့နယ်ပြန်/ဆက်)***

သုတဘဏ် စာကြည့်တိုက်အဆောက်အအုံ ပန္နက်တင်

ရှမ်းပြည်နယ် လင်းခေးခရိုင် မောက်မယ်မြို့နယ် မိုင်းယွန်းကျေးရွာ၌ သုတဘဏ်စာကြည့်တိုက် အဆောက်အအုံဆောက်လုပ်ရန် ပန္နက်တင်မင်္ဂလာ အခမ်းအနားနှင့် အလှူငွေပေးအပ်ပွဲကို ဒီဇင်ဘာ ၁၉ ရက် နံနက် ၉ နာရီက အဆိုပါကျေးရွာ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မောင်စိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးအောင်ကျော်စိုး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းသန္တာဦးနှင့်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကောလိန္တတို့က သတ်မှတ်နေရာများတွင် ပန္နက်တင်ပေးကြသည်။

ဆက်လက်၍ အလှူငွေပေးအပ်ပွဲကို ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက နိုင်ငံတော်မတည်လှူဒါန်းငွေကို ပေးအပ်ပြီး ကျေးရွာစာကြည့်တိုက်ဆောက်လုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကောလိန္တက လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတမြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာ စေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ပညာပါရမီစာကြည့်တိုက် တွံတေးမြို့နယ်၌ဖွင့်

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် တမာတကောကျေးရွာအုပ်စု တမာတကောကျေးရွာ ပညာပါရမီစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ်စာစောင်ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၀ ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဟန်၊ မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးလှိုင်ဦး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးသက်ဦး၊ တမာတကောကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ *(အောက်ပုံ)*

ထို့နောက် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းမှ စာအုပ်စာစောင် ၂၀၀၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က စာကြည့်တိုက်ရန်ပုံငွေကျပ်တစ်သောင်း၊ ကျေးရွာအမျိုးသမီးရေးရာအဖွဲ့က အလှူငွေကျပ်တစ်သောင်း၊ ကျေးရွာစေတနာရှင်ပြည်သူများက စာအုပ်စာစောင် ၁၅၀ တို့ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

အဆိုပါ စာကြည့်တိုက်မှာ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ အမျိုးအစားဖြစ်ပြီး အလျား ၁၅ ပေ၊ အနံ ၁၅ ပေ၊ အမြင့် ၇ ပေရှိ၍ တန်ဖိုးငွေကျပ် ၁၈ သိန်း အကုန်အကျခံဆောက်လုပ်ခဲ့ကြောင်း သိရှိရသည်။ *(မြို့နယ် ပြန်/ဆက်)*

1-1 (10).pmd 1 1/1/2012, 1:23 AM

ဒဂုံမြို့သစ် စံပြစက်မှုလယ်ယာစနစ် စိုက်ပျိုးရေးအထူးဇုန် ဧက(၁၀၀၀၀)စိုက်ကွင်း ခေတ်မီ စက်မှုလယ်ယာစနစ်၏ရှေ့ပြေး နိုင်ငံတော်အတွက် အလွန်အရေးကြီးသော စိုက်ကွင်းဖြစ်

စိုက်ပျိုးရေးလုပ်ငန်းရှင်များ၊ တောင်သူလယ်သမားများအတွက် စံနမူနာပြ လက်တွေ့ဖော်ဆောင်

ကြည့်ရှုစစ်ဆေး

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် မြင့်ဇေယျာမိသားစု စိုက်ပျိုးရေး အထူးပြုကုမ္ပဏီ၏ F1 မျိုးစေ့ထုတ် ဧက(၇၅၀)ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန် ဒီဇင်ဘာ ၃၁

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် ခေတ်မီစက်မှုလယ်ယာစနစ် စံပြစိုက်ပျိုးရေး ဧက (၁၀၀၀၀) စိုက်ကွင်းသို့ရောက်ရှိရာ ဖိလစ်ပိုင်စပ်မျိုးစပါး မျိုးစေ့ထုတ်စိုက်ခင်း ဧက (၅၀၀) စိုက်ပျိုးအကောင်အထည်ဖော်မည့် အစီအမံများ၊ IBTC Group of Companies မှ စိုက်ပျိုးရေးပညာရှင် ဒေါက်တာရဲတင့်ထွန်းနှင့် International Sun Moon Star Agriculture Co., Ltd. ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးတို့က DAGON (EAST) Hybrid Seed Production Projects ဧက(၅၀၀) အတွက် ဖိလစ်ပိုင်နိုင်ငံမှ အဖိုလိုင်း၊ အမလိုင်း စပ်မျိုးစပါးမျိုးစေ့များ ရောက်ရှိမှုနှင့် မျိုးစေ့ထုတ်လုပ်ငန်းဆောင်ရွက်ရန် မြေယာပြုပြင်မှု၊ ပစ္စည်းစုဆောင်းမှု၊ ကျွမ်းကျင်လုပ်သား လိုအပ်ချက်စုဆောင်းထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေးတင်ပြ

ယင်းနောက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက လုပ်ငန်းများ အချိန်ကိုက် စနစ်တကျအကောင်အထည်ဖော်နိုင်ရေး အသေးစိတ်တွက်ချက်မှုဇယားဖြင့် ဆောင်ရွက်ရန် ဆွေးနွေးတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဒဂုံမြို့သစ် စံပြစက်မှုလယ်ယာစနစ် စိုက်ပျိုးရေးအထူးဇုန် ဧက (၁၀၀၀၀)စိုက်ကွင်းသည် ခေတ်မီစက်မှုလယ်ယာစနစ်၏ရှေ့ပြေး၊ နိုင်ငံတော်အတွက် အလွန်အရေးကြီးသော စိုက်ကွင်းဖြစ်သည့်အပြင် တောင်သူလယ်သမားများ ဝင်ငွေတိုး၊ တွက်ခြေကိုက်မည့် စပ်မျိုးစပါး စိုက်ပျိုးခြင်းလုပ်ငန်းအတွက်သာမက စိုက်ပျိုးရေးလုပ်ငန်းရှင်များ၊ တောင်သူလယ်သမားများအတွက် စံနမူနာပြရှေ့ဆောင် အောင်မြင်မှုရလဒ်ဖြင့် လက်တွေ့အကောင်အထည်ဖော်ပြသရန် အလွန်အရေးကြီးသည့် လုပ်ငန်းရပ်ဖြစ်ကြောင်း၊ ဧက(၅၀၀) ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်ခြင်းသည် နည်းပညာပိုင်းဆိုင်ရာအရ ရှေ့တစ်လှမ်းတိုးဆောင်ရွက်ရမည့် ခက်ခဲ၊ နက်နဲသော လုပ်ငန်းတစ်ရပ်ဖြစ်ပြီး ငွေကြေးစိုက်ထုတ်ရမည့်ပမာဏမှာလည်း ကြီးမားသည့်အားလျော်စွာ လုပ်ငန်းရှင်များ၊ ပညာရှင်များ၊ ပညာရပ်ပိုင်းဆိုင်ရာများ၊ လုပ်သားများက အဘက်ဘက်မှ ပူးပေါင်းဆောင်ရွက်ကြရန် အလွန်အရေးကြီးကြောင်း။

အချိန်ကိုက်ဆောင်ရွက်

အဓိကသော့ချက် အခက်အခဲဖြစ်သည့် အဖိုနှင့် အမပန်းပွင့်ချိန် ကိုက်ညီစေရန် အချိန်ကိုက် (Timming)ကို ချိန်ညှိရန်၊ မိုးဦးကျ ဒဂုံမြို့သစ်၏ ရာသီဥတုအခြေအနေနှင့် ရိတ်သိမ်းချိန်တို့ကို အချိန်ကိုက်ဆောင်ရွက်နိုင်ရေးအတွက် အချိန်ဇယားတိတိကျကျရေးဆွဲပြီး ဆောင်ရွက်ရန်လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

ဆွေးနွေးမှာကြား

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရှင်းလင်းဆောင်အနီး ရှေ့ပြေးစမ်းသပ်စိုက်ပျိုးထားသော ပုလဲသွယ်စပ်မျိုးစပါး F1 (၂၄)ဧက၏ (၅၀) ရက်သားသက်တမ်း စပါးခင်း၏ ဖြစ်ထွန်းအောင်မြင်နေမှုများကိုလည်းကောင်း၊ စပ်မျိုးစပါးထုတ်လုပ်ရန် အဖိုလိုင်း၊ အမလိုင်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အထူးဇုန်(၁)ရှိ ဒဂုံအင်တာနေရှင်နယ်ကုမ္ပဏီ၏ စိုက်ခင်းသို့ ရောက်ရှိပြီး ပုလဲသွယ် တရုတ်စပ်မျိုးစပါး အဖိုလိုင်း၊ အမလိုင်း ဧက(၁၀၀)ပျိုးခင်းနှင့် စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးအားပေးသည်။

ဒဂုံမြို့သစ်အရှေ့ပိုင်း ဧက(၁၀၀၀၀) အထူးဇုန်အတွင်း ယခုနွေစပါးရာသီတွင် ဒဂုံအင်တာနေရှင်နယ်၊ Green Asia၊ *စာမျက်နှာ ၇ ကော်လံ ၁* ❒

မြန်မာ့အလင်း (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုကြိုဆို



☆ အချင်းချင်း မညီညွတ်မှု၊ ဆူပူအုံကြွမှု၊ ဖောက်ခွဲဖျက်ဆီးမှု၊ လုပ်ကြံသတ်ဖြတ်မှု ပဋိပက္ခများဖြင့်ကား ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို တည်ဆောက်နိုင်မည် မဟုတ်ပေ။ ပြည်ထောင်စုစိတ်ဓာတ်ရှိမှု၊ စည်းလုံးညီညွတ်မှု၊ မျိုးချစ်စိတ်ဓာတ်ထက်သန်မှု၊ ကိုယ်ကျိုးစွန့်လွှတ် အနစ်နာခံမှု၊ ခြိုးခြံချွေတာ စုဆောင်းတတ်မှု၊ အလုပ်ကြိုးစားမှု၊ စည်းကမ်းရှိမှု၊ ဥပဒေကို လေးစားလိုက်နာမှုတို့ဖြင့်သာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို တည်ဆောက်နိုင်မည်ဖြစ်သည်။

ပန်းတောင်းသန်းကြွယ်၏ ဆောင်းပါး စာ-၈၊ ၉

☆ မြန်မာ့လွတ်လပ်ရေး

သောင်းကိုကို၏ ကဗျာ စာ-၉

နှစ်သစ်ကူးတွင် လက်ထပ်မည့် ဘော့နှင့် ဗီရာ အဘိုးအဘွား ချစ်သူသက်တမ်း ၃၃ နှစ်ကြာမြင့်ခဲ့

➤ ဇော်ဦးခိုင် - ရေးသားသည် ➤

ဘာဆဲလ် ဒီဇင်ဘာ ၃၁

ချစ်သူသက်တမ်း ၃၃ နှစ်ကြာမှ လက်ထပ်ထိမ်းမြားမှုပြုကြမည့် အင်္ဂလန်နိုင်ငံမှ သက်ကြီးရွယ်အိုစုံတွဲတစ်တွဲ၏ သတင်းကို ဒီဇင်ဘာ ၃၀ ရက် အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။

နှစ်ဦးပေါင်း၏အသက် ၁၇၇ နှစ်ရှိနေပြီဖြစ်သော ဆပ်ဖို့ခ်စီရင်စုမြောက်ပိုင်းရှိ ဘာဆဲလ်မြို့တွင်းနေထိုင်သူ ဗီရာလောရန့်နှင့် ဘော့ဝစ္စတဲလ်တို့ ချစ်သူနှစ်ဦးသည် ယခုနှစ်သစ်ကူးနေ့တွင် လက်ထပ်ထိမ်းမြားမင်္ဂလာပွဲကို ဆင်နွှဲကြမည်ဖြစ်သည်။ **(အပေါ်ပုံ)**

စိန့်လုခ်ဘုရားရှိခိုးကျောင်းတွင် နှစ်သစ်အစ ဇန်နဝါရီ ၁ ရက်၌ မင်္ဂလာဆောင်ကြမည်ဖြစ်သည်။ သတို့သား ဘော့ဝစ္စတဲလ်၏ အသက်သည် ၈၄ နှစ်ရှိပြီး သတို့သမီး ဗီရာ၏အသက်မှာ ၉၃ နှစ်ရှိနေပြီဖြစ်သည်။

ချစ်သူဖြစ်သူ ဗီရာကို ဘိုးလင်းအားကစားရုံအတွင်း စတွေ့ချိန်ကတည်းက မိမိ၏ဖူးစာရှင်ဟု သိရှိခံစားလိုက်ရကြောင်း သတို့သားအဘိုးအိုဘော့က ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်စကားဆိုခဲ့သည်။

စာမျက်နှာ ၇ ကော်လံ ၃ ✱

ထူးခြားသည့် ညအပူချိန်များ

၃၁-၁၂-၂၀၁၁

ဟားခါးမြို့	၅ ဒီဂရီစင်တီဂရိတ်
ပူတာအိုမြို့	၆ ဒီဂရီစင်တီဂရိတ်
ကသာမြို့	၆ ဒီဂရီစင်တီဂရိတ်
မိုးကုတ်မြို့	၇ ဒီဂရီစင်တီဂရိတ်

နောက်နှစ်ရက်အတွက် မိုးလေဝသခန့်မှန်းချက်

မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးရွာနိုင်သည်။